
www.burmeseclassic.com



www.burmeseclassic.com

စာမူခွင့်ပြုချက် - ၅၀၀၇၉၂၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက် - ၅၀၀၀၆၉၀၁၁၀

ထုတ်ဝေခြင်း - ပထမအကြိမ်

၂၀၁၀ ဇွန်လ

အုပ်ရေ - ၁၀၀၀ အုပ်

တန်ဖိုး - သုံးထောင်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ - L.စင်း

စီစဉ်သူ - ဒေါ်ရွှေရွှေမော်

ကျ၅၅ - ၈၃

ပန်းသီနိုင်

တွယ် [illegible] သီနိုင်။ [illegible] ကျန်

ဉာဏ်ဝင်း [illegible] ၂၀ [illegible]

၂၂ - ၈၃ ၊ [illegible] ၅၂ × ၁၈ [illegible] ၅ စင်တီ

(၁) တွယ်

ဒေါ်ရွှေရွှေမော်၊ ဉာဏ်ဝင်းစာပေတိုက် (မြဲ [illegible])

အမှတ်၇(က)၊ [illegible] တော်လမ်း

ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ

ဦးအောင်ထက် (၀၈၀၀၅)

အောင်ပါရမီ ပုံနှိပ်တိုက်

အမှတ်(၁၂၇)၊ ၅၂ လမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်

ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်

အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူတွေ ဘာပဲပြောပြော
ကိုယ်ကတော့
ပိုင်ဆိုင်ဖို့ချစ်တာ
ဘယ်လိုနည်းနဲ့ဖြစ်ဖြစ်
ပိုင်ဆိုင်ရရင် ကျေနပ်ပြီ...။

မင်းသွင်ခနိုညား



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာမြေကြီးအတွက်
လူသားတွေအတွက်
ကောင်းကင်ကြီးဟာ မရှိမဖြစ်ပါ ။
အဲဒီလိုပါပဲ…
သားသမီးတွေအတွက်
မိဘဆိုတာ မရှိမဖြစ်ကောင်းကင်၊
အသက်ရှင်နေသမျှ ကာလပတ်လုံး
မိဘဆိုတဲ့ ကောင်းကင်ရိပ်အောက်က
ရုန်းထွက်သွားလို့ မရနိုင်ပါဘူး…။

နှင်းဆီရဲရင့်

www.burmeseclassic.com

www.burmeseclassic.com

၁

နှင်းဆီရဲရင့်က ဆံပင်ကို ဘီးချွန်ကလေးနှင့် ခွဲပြီးနောက် ကျစ်ဆံမြီးနှစ်ဖက် ကျစ်လိုက်၏။ မျက်ခွံပေါ်မှာ အစိမ်းရောင် အလေးတင်ကာ နှုတ်ခမ်းကိုတော့ ရွှေရောင်၊ ဝတ်ထားသော အင်္ကျီက အစိမ်းနှင့် ရွှေရောင် တစ်ရစ်စီ စပ်ထားတာ။

"ရှင့်"

"ဟင်"

"ဖေဖေ ခေါ်နေတယ်"

ညီမလေး သဇင်ရဲတင့်က လာပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောမလို့လဲ"

"သိဖူး"

"ဘာပဲဖြစ်ဖြစ် မသိတာချည်းဘဲ၊ သဇင်ရဲတင့်လို့ ခေါ်ဖို့ မကောင်းဘူး သိဖူးပဲ ခေါ်တော့မယ်"

"ရှင့်နော်...တင့်ကို နာမည်ဖျက်မယ် မစဉ်းစားနဲ့"

သဇင်ရဲတင့်က နှုတ်ခမ်းလေး စူသည်။

ညနေခင်းရောက်တော့ ညီမလေး စံပယ်ရဲဝှံ့ကိုပါ တွေ့ရတော့ မေမေက ဘာပြောမလို့လဲဟု တွေးမိ၏။

"ထိုင်ကြ သမီးတို့"

"ဟုတ်"

မေမေက ဖေဖေ့အတွက် ဂလူးကို့စ် သံပုရာရည်တစ်ခွက် ယူလာပေးသည်။

"ဖေဖေ နယ်ကို တာဝန်ကျတယ်"

"ဟင်"

"ဘယ်တော့ သွားရမှာလဲ ဖေဖေ"



"ဒီတစ်ပတ်ထဲမှာပဲ"

ဝှံ့က ဖေဖေ့ကို အချစ်ဆုံးမို့ လုံးဝမခေါ်ချင်။

"ဝှံ့ လိုက်ချင်တယ် ဖေဖေ"

"အခု ချက်ချင်းတော့ လိုက်ဖို့ မလွယ်ဘူး"

ဝှံ့က နှုတ်ခမ်းလေး စူ၏။

"အရေးကြီးတာ သမီးမေမေလည်း ဖေဖေနဲ့ လိုက်မှာဆိုတော့ ရှင့်က သမီးကြီးပီပီ အိမ်မှာ အစစအရာရာ တာဝန်ယူရမယ်"

"ဟင်း"

နှင်းဆီရဲရှင့်က သက်ပြင်းရှိုက်သည်။

မလွယ်ပါလား။

တစ်ခါလာလည်း သမီးကြီး၊ တစ်ခါလာလည်း အစ်မကြီး အမိရာ၊ ဘာမဆို အိမ်ကိစ္စက ရှင့် ပုခုံးပေါ်ပဲကျတာ။ ရှင့်ကလည်း ရှင့်ပါပဲ။ အိမ်မှုကိစ္စ လုံးဝကို ဝါသနာ မပါ။ စိတ်မဝင်စား။

www.burmeseclassic.com

www.burmeseclassic.com



"မေမေ နှစ်ပတ်သုံးပတ် ကြာချင်ကြမယ်၊ မီတာဘောလ် ဆောင်တာ၊ တယ်လီဖုန်းဘေလ်ဆောင်တာ၊ ပြီးတော့ ကားဆီ ထည့်တာ‥"

ရင့်တာ မျက်နှာကလေး သုန်မှုန်နေ၏။

"မေမေ"

"ဟင်"

"သမီးတို့ အလုပ်ထဲက သူငယ်ချင်းတွေ ချောင်းသာ သွားကြမလို့၊ အဲဒါ ဘယ်လိုလုပ်မလဲ"

"ဘယ်တော့လဲ"

မေမေက မေးလာ၏။

"ရှေ့တစ်ပတ်ထဲမှာပဲ"

"သွားလေ‥‥အဲ့ဒီအခါ တင့်အလှည့်ပေါ့"

"အမယ်လေး‥‥"

တင့်က အမယ်လေး တ,သည်။ ရင့်ထက်ပင် ပို၍ ကြောက်သေး၊ အိမ်မှုကိစ္စဆို တစ်ခါမှ လုပ်ဖူးတာ မဟုတ်။



ကိစ္စမရှိပါ။

ဝံ့နှင့် နှစ်ယောက်တည်းပဲ‥ ဝယ်စားလိုက်ရုံ။

"မဖြစ်ဘူးလား‥‥အလတ်မ"

"ဖြစ်ပါတယ် မေမေ"

"အကြီးမ ခရီးသွားတုန်း အလတ်မ တာဝန်ပေါ့"

"ဟုတ်"

ဖေဖေနှင့် မေမေက စီမံပေး၏။

"မမရင့်ကလည်း မေမေလာမှ သွားပါလား"

"ဟဲ့‥ ရမလား ဝံ့ရယ်၊ အများနဲ့ သွားရတာ‥စီစဉ်ထား တာ၊ ငါတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့"

နှင်းဆီရဲရင့်က နိုင်ငံခြားဘာသာသင်မှာ၊ အင်္ဂလိပ်စာ တက်နေပြီး တစ်ဖက်ကလည်း တိုးရစ်ဂိုက် လုပ်နေပါသည်။ တင့်က ကွန်ပျူတာ တက်နေပြီး၊ ဝံ့က အဝေးကပဲ တက်ကာ စော်ရှင်ဒီဇိုင်း ကျောင်းတက်နေ၏။

"စီစဉ်ထားပြီးသား ခရီးစဉ်ပဲ၊ သွားပေါ့ သမီး"

www.burmeseclassic.com

www.burmeseclassic.com



မေမေက နားလည်မှုအပြည့်ရှိသည်။

ရင့်က မျက်ခုံးကလေးမြှင့်ကာ ကျေနပ်သွား၏။

"ဝ္ဓံ မေမေတို့နဲ့ လိုက်ချင်တယ်"

မဖြစ်နိုင်မှန်း သိပေမယ့် ဖွတ်ပြောနေသည်။

"နင့်ကျောင်းနဲ့ နင့်သင်တန်းနဲ့ သွားဖြစ်မှာလည်း မဟုတ်ဘဲနဲ့ လျှောက်ပြောနေတယ်"

တင့်က ဝင်ပြောတော့ မုံက မျက်စောင်းရွယ်သည်၊ ရင့်က ကျေနပ်စွာ ပြုံးနေ၏။

တော်ပါသေးရဲ့။

ချောင်းသာခရီးစဉ် ကယ်ပေလို့။



"နင်ကလည်း အလှပြင်လွန်းပါတယ် ရင့်ရယ်"

"နင် နားမလည်ပါဘူး တင့်၊ ငါ့အလုပ်က အလှပြင်မှ လှလှကလေးမှ မြင်ရသူကို စိတ်ချမ်းသာစေမှာ၊ ငါက ခရီးသွား ဧည့်သည်တွေကို လမ်းညွှန်ရှင်းပြရတာလေ၊ ငါ့ပုံစံကြီးက မလှ ရင်ဆို စိတ်ညစ်စရာပေါ့"

တင့်က ခေါင်းညိတ်သည်။

"နင်က လှချင်တာနဲ့ နင့်အလုပ်နဲ့ အတော်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ညီအစ်မသုံးယောက်ထဲမှာ ငါက အလှ အကြိုက်ဆုံးပဲ"

နှင်းဆီရဲရင့်က ဝန်ခံ၏။

တစ်ခါတလေ အလှပြင်တာကြာလို့ တင့်နှင့်ဖွံ့က လုံးဝ မကြည်၊ စိတ်မရှည်။

"မိန်းကလေးပဲ လှချင်တာ မဆန်းပါဘူး"

နှင်းဆီရဲရင့်က တကယ်လည်း လှပါသည်။

သုံးယောက်ထဲမှာ အလှဆုံး၊ အတောက်ပဆုံး။



မေမေဖြူဖြူသန့်က သား၏ ဒိုက်ယာရီစာအုပ်ကို ကြည့်တာ ဖွင့်ထားသော စာမျက်နှာကို အသံတိုးတိုး ဖတ်မိ၏။

သား…မင်းသွင်ခန့်ညား ဘာတွေ ရေးထားပါလိမ့်။

"အနှစ် နှစ်ဆယ်ကျော်အတွင်း ဒီလို ခံစားမှုမျိုး ရင်ထဲ ရောက်လာတာ ပထမဆုံးပဲ ကောင်မလေးရယ်…ဟင်"

မေမေက တွေးတွေးဆဆနှင့် မှန်းမရ။

သားမှာ ရည်းစားရှိနေပြီလား။

"ဟာ…မေမေ၊ အဲ့ဒါ သား ဒိုင်ယာရီစာအုပ်"



www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဖတ်ကြည့်တာ ဘာဖြစ်လဲ"

"သားတစ်ယောက်တည်း ဖတ်ဖို့ဗျ"

"ရယ်စရာကောင်းလို့ပါ သားရယ်၊ ခဏလေး… မေမေ ဖတ်ကြည့်ပါရစေ"

မင်းသွင်ခန့်ညားက ဒိုင်ယာရီစာအုပ်ကို ဆွဲလုသည်။

"ဘယ်ဖြစ်မလဲ၊ မဖတ်ပါနဲ့ မေမေရာ"

"အမေကို ဘာဖြစ်လို့ ပုန်းကွယ်ထားချင်ရတာလဲ၊ ယောကျ်ားလေးဆိုတာ ဒီလောက်တော့ ရှိမှာပေါ့၊ မေမေ့ကို သူငယ်ချင်းလို ပြောပြတိုင်ပင်ပါ သားရဲ့"

မင်းသွင်ခန့်ညားက မေမေ့ကို စိုက်ကြည့်သည်။

ပြီးမှ…

"မေမေ မရယ်ရဘူး၊ ဘယ်သူ့ကိုမှ ပြန်မပြောရဘူး"

"မပြောပါဘူး သားရဲ့"

"တကယ်သေချာလား မေမေ"

"မပြောပါဘူး"





"ဒါဆို… သား ဖတ်ပြမယ်"

"ကောင်းပြီလေ… ဖတ်ပြ"

မင်းသွင်ခန့်ညားက သူ ရေးထားသော ဒိုင်ယာရီကို မေမေ့အား ဖတ်ပြလိုက်၏။

မေမေက နားထောင်နေပါသည်။

"တစ်ခါမှ မမြင်ဘူးတဲ့ ကောင်မလေးတစ်ယောက် ငါ့ နှလုံးသားထဲ ရောက်လာတယ်၊ ငါ့မျက်လုံးထဲမှာ အရိပ်လို ကပ်ငြိနေတယ်၊ ငါ့နှလုံးသားကို လူတစ်ယောက် လာပုတ်တယ်၊ စူးရှတဲ့ပြာတဲ့ မျက်လုံးတစ်စုံက ငါ့ကို ကျူရှုံးစေတယ်၊ နံရံကို လှမ်းကြည့်တော့ မျက်နှာကလေးတစ်ခု ခပ်ရေးရေး တွေ့ရတယ်၊ အရောင်လေပြေတစ်ချက် ငါ့ပါးပေါ် ဖြတ်သွားသလိုပဲ၊ သင်းပျံ့တဲ့ မွှေးရနံ့လေးတစ်မျိုး ရှူရှိုက်မိတယ်၊ သူ့လက်တစ်ဖက် ငါ့ဆံပင်တွေပေါ် ရောက်လာတယ်၊ သူ့လက်ရဲ့ အတွေ့ကို ငါ သိနေတယ်"

"သားက စာရေးကောင်းလိုက်တာ၊ ဝထမဆုံးရေးတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်ကောင်းဖို့ မလွယ်ဘူး၊ ဒါနဲ့ အဲဒီအထဲက ကောင်မလေး ဘယ်သူလဲ"

"မရှိပါဘူး မေမေ"

"ဟယ်တော့.. မရှိဘဲ ရေးထားတာလား"

"ဟုတ်တယ်"

"အမယ်လေး...သားရယ်၊ မရှိသေးဘဲနဲ့များ အမေ့မှာ ဖြင့် စဉ်းစားလိုက်ရတာ၊ သား ရည်းစားရှိနေပြီလားလို့"

"သား စိတ်ကူးနဲ့ ရှုးကြည့်တာပါ မေမေရာ"

"တော်သေးတာပေါ့"

မေမေက ခုမှ စိတ်အေးသွားပုံရသည်။

တစ်ဦးတည်းသော သားကို လုံးဝ စိတ်မချ။

ညီမလေးကလည်း သားနှင့် အသက် ကွာသည်။

သူငယ်ချင်းလို ပေါင်းမရ၊ တိုင်ပင်လို့ မရ။

ပြီးတော့ သားက တစ်ယောက်တည်း သီးသန့်နေတတ်သည်။





စကားနည်းသည်၊ အရှမ်းအေးသည်။

"မေမေ"

"ပြောလေ...သား"

"အဲဒီ စာကြောင်းတွေက သား စာရေးဖို့ လေ့ကျင့်ထားတာ မဟုတ်ဘူး"

"အင်း"

"သား စာရေးဆရာလည်း ဖြစ်ချင်ပါဘူး"

"ဟင်.. ဒါဆို ဘာလို့ ရေးထားတာလဲ"

"သား အိပ်မက်မက်တာ မေမေ"

"ဘယ်လို"

"အိပ်မက်ထဲမှာ ကောင်မလေးတစ်ယောက်ကို တွေ့တယ်၊ သူက သားအပေါ် တယုတယ ကြင်ကြင်နာနာပဲ၊ သား ရင်ထဲမှာ အရှမ်းချမ်းမြေ့တယ်၊ နိုးလာတော့ သား အဲဒီစာတွေ ရေးထားမိတာဗျ"

"ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်အပြင်မှာလိုပဲ သားအရမ်းပျော်တယ်၊ အိပ်မက်က နိုးတော့ ဟာတာတာကြီးနဲ့"

"သားက အဲဒီကောင်မလေးကို မှတ်မိလို့လား"

"မှတ်မိနေတယ်၊ သား လုံးဝ မှတ်မိနေတယ်"

မေမေက အနည်းငယ် မျက်နှာပျက်သည်။

ဖေဖေက စည်းကမ်းကြီးတော့...မင်းသွင်ခန့်ညားအပေါ် တင်းကြပ်လွန်းတာ...

မေမေ သိသည်။

သားယောကျ်ားလေးမို့ လမ်းမှားရောက်မှာ... အပေါင်းအသင်းမှားမှာ...ပျက်စီးသွားမှာ...

ဖေဖေက စိုးရိမ်ပြီး ဘာမဆို ပိတ်ပင်တားမြစ်တတ်ပါသည်။

"သား"

"ဗျာ"

"သားမှာ စေ့စပ်ပြီးသား ရှိတယ်နော်"





"သား သိပါတယ်"

မေ့မနေအောင် မေမေက သတိပေးသည်။ ပြဿနာဖြစ်မှာ မလိုလားပါ။

"သားဖေဖေအကြောင်းကို သား အသိဆုံးပါ"

"မေမေ"

"ဟင်"

"အဲဒီကောင်မလေး အပြင်မှာ ရှိနေမလားဘဲ"

"ရှိချင်လည်း ရှိမှာပေါ့"

"သား မြင်ဖူးချင်လိုက်တာ"

"သားရယ်...စိတ်ကူးမယဉ်ချင်ပါနဲ့၊ လက်တွေ့ဘဝက အရေးကြီးတာပါ"

"သား စိတ်ကူးမယဉ်ပါဘူး"

မင်းသွင်ခန့်ညားက ခေါင်းခါသည်။

တစ်ခါတလေ စဉ်းစားမိသည်။

သူဟာ အသက်သွင်းထားသော ရုပ်တစ်ရုပ်များလား။



www.burmeseclassic.com

www.burmeseclassic.com



အရောရော ဖေဖေ စိမ်းသမျှ 'ဟုတ်ကဲ့' နာခံပြီး နေလာ ခဲ့တာ တစ်သက်လုံးပါပဲ။

တစ်ခါတလေ ကျေနပ်ပေမယ့် တစ်ခါတလေ မွန်းကြပ် သည်။

မကျေနပ်နိုင်ပါ။ သူ့မှာ အပေါင်းအသင်းလည်း အင်မ တန် နည်းပါးသည်။

ဘီယာသောက်တတ်သော သူငယ်ချင်းဆို မပေါင်းရ ဆေးလိပ်သောက်တတ်သော သူငယ်ချင်းဆို မပေါင်းရ။

ဘောလုံးပွဲလောင်းတတ်သော သူငယ်ချင်းဆို မပေါင်းရ

တစ်ချိန်လုံး တီဗွီဂိမ်းဆိုင်သွားတတ်သော သူငယ်ချင်းဆို မပေါင်းရ။

အော်ကြီးဟစ်ကျယ် ဂစ်တာတီးတတ်သော သူငယ်ချင်း ဆို မပေါင်းရ။

မိဘကို မရိုမသေသော ရှိုင်းပျသော သူငယ်ချင်းဆို မပေါင်းရ။





ဖေဖေ့ချက်စိနှင့် မတွေ့လျှင် ချက်ချင်း အခေါ်အပြော ရှော်။

အဆက် အသွယ်ဖြတ်။

"သား သိပါတယ် မေမေရာ၊ သား ဒီလို အိပ်မက် ဆောင် မက်ခွင့်မရှိဘူးဆိုတာ သဘောပေါက်ပါတယ်"

"မဟုတ်ပါဘူး... သားမှာ အိပ်မက်မက်ခွင့် ရှိပါတယ်၊ ဒါပေမယ့် အဲဒီအိပ်မက်တွေ တကယ်ဖြစ်လာလို့ မမျှော်လင့်နဲ့ပ၊ သားမှာ 'ဆောင်းနှင်းကို' ရှိပြီးသား၊ သား လက်ထပ်ရမှာ ဆောင်းနှင်းကိုပဲလေ၊ အဲဒါ သား သေချာသိထားပါကွယ်"

"သား မေ့ထားချင်တယ်"

"မေ့ထားလို့ မရဘူး"

"ဖေဖေက သိပ်တင်းကြပ်လွန်းတယ်"

"နားလည်ပေးလိုက်ပါ သားရယ်၊ သားကို အရမ်း ချစ်လို့ပါ၊ လမ်းသရဲလေး ဖြစ်သွားမလား..ဆေးသမားလေး ဖြစ် သွားမလား.. အဲဒီလိုတွေးပြီး စိုးရိမ်လွန်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သားက ဒီလောက်ထိ မညံ့ပါဘူး၊ သားဘဝ နစ်မွန်းအောင် သားက လုပ်ပါ့မလားဗျာ"

"သား မင်္ဂလာပွဲပြီးမှ သားဖေဖေက စိတ်ချမ်းသာမှာ"

"သွားပါပြီဗျာ"

မင်းသွင်ခန့်ညား သက်ပြင်းချမိသည်။

အိမ်ထောင်ကျသွားရင် ဘဝက တစ်ဆစ်ချိုးသွားပြီး လူတစ်ယောက်၏ လွတ်လပ်မှု၊ ပျော်ရွှင်မှုကို သူ မရနိုင်တော့ပါ။ သူ့ခေါင်းထဲမှာ အတွေးတွေ ပူလောင်ရှုပ်ထွေးလာ၏။

"မေမေ"

"ဟင်"

"သား ခရီးထွက်ချင်တယ်"

"ဘယ်လို"

သည်နေ့ သားစကားတွေက အထူးအဆန်းပါလား။

"ဟုတ်တယ်…အဲဒီကောင်မလေးနဲ့ လက်မထပ်ခင် သား ခရီးသွားချင်တယ်၊ လွတ်လွတ်လပ်လပ်…"





"အိပ်မက်ထဲက ကောင်မလေးကို ရှာမလို့လား"

"ဟာ… မဟုတ်တာ၊ ဘယ်လိုလုပ် ရှာနိုင်မှာလဲ၊ ကမ္ဘာကြီးက ဒီလောက်ကျယ်တာ၊ သား အဲဒီလောက် စိတ်ကူးမယဉ်ပါဘူး မေမေရာ"

"သားဖေဖေက လွှတ်မယ် မထင်ဘူး"

"မေမေ ပြောပေးပါလား"

"အေးလေ…သားအဖေ စိတ်ကြည်လင်နေချိန် ရွေးပြီး ပြောကြည့်ကြတာပေါ့"

"ကောင်းတယ်"

"သိပ်တော့ မျှော်လင့်မထားနဲ့ဦး"

"ဘာလို့လဲ မေမေ"

"သားဖေဖေက လက်ထပ်ပြီးမှသွားလို့ ပြောမှာ သေချာသလောက်ပဲကွယ့်"

မင်းသွင်ခန့်ညား စိတ်ဓာတ်ကျသွားမိ၏။

ဖေဖေက ဒါဆိုဒါ…ဩဇာ ပြင်းလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဖေဖေ့ဘက်က မလျှော့တတ်တာ၊ ထုံးစံ မရှိပါ။ သူ့ဘက်ကသာ အမြဲအလျှော့ပေးရတာ၊ မေမေကလည်း မျက်ရည်ကလေးတလည်လည်နှင့် ဖေဖေ့ကို မဆန့်ကျင်ဖို့ နားချစမြဲ မဟုတ်လား။

သူကိုယ်တိုင်ကလည်း ဖေဖေ့ကို အပြည့်အဝ နားလည်သည်။ လွန်ကဲစွာ နားလည်ပါသည်။ စိုးရိမ်ကြီးနေတာကိုလည်း သိသည်။ သို့သော် ဖေဖေ့ထိန်းချုပ်မှုအောက်မှာ သူ လူညံ့ဖြစ်သွားမှာ စိုးသည်။ အစွမ်းအစတွေ မှိုတက်ကုန်မှာ စိုးသည်။ ဖေဖေ့ မျက်စိအောက်ကနေ ခဏဖြစ်ဖြစ် ရုန်းထွက်ကြည့်ချင်ပါသည်။

သူဟာ ယောကျ်ားတစ်ယောက်ပါ။

မိဘကို ရှိသေသော သားလိမ္မာတစ်ယောက်ပါ။ သို့ပါသော်လည်း သူ့ အရာရာကို ရှုပ်သေးရုပ်လို မကချင်။

သူ့လမ်းသူ လျှောက်ချင်သည်။ အရွယ်ရောက်ပြီးသားလူတစ်ယောက်မှာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ရှိသင့်ပါသည်။

ဖေဖေပဲ မှားနေသလား၊ သူပဲ မှားနေသလား။





ဝေခွဲရခက်သည်။ ဘဝင်မကျတာတော့ အမှန်။

"သား"

မေမေက သူ ငြိမ်သက်နေတာကို နားလည်သည်။

"သားဖေဖေကို အပြစ်မတင်ရဘူးနော်"

သူ့ကို ဖြောင်းဖျနှစ်သိမ့်သည်။

"သား အေးအေးဆေးဆေး ရှင်းပြရင် သားကို ခရီးထွက်ဖို့ သားဖေဖေက ခွင့်ပြုမှာပါကွယ်"

မေမေပြောသလိုပဲ ခွင့်ပြုပါစေလေ…။

အကယ်၍များ ခေါင်းခါခဲ့လျှင် တိတ်တဆိတ် ခိုးထွက်သွားဖို့ သူက ရည်ရွယ်ပြီးသားပါ။ ဆုံးဖြတ်ပြီးသားပါ။

သူ အိမ်ထောင်မပြုခင် တစ်ခါလောက်ဖြစ်ဖြစ်… တစ်ယောက်တည်း လွတ်လပ်စွာ သွားလာနေထိုင်ချင်ပါသည်။

တစ်ပတ်၊ ဆယ်ရက်ဖြစ်ဖြစ်…။



www.burmeseclassic.com

www.burmeseclassic.com



၂၈

ဦးထွန်းမင်းက ကော်ဖီခွက်ကို ကော်ဖီပန်းကန်ပြားပေါ် အသာချထားပြီး ပြုံးရွှင်သောမျက်နှာနှင့်…

“ဝမ်းသာလိုက်တာကွာ၊ တို့ရဲ့သား မင်္ဂလာပွဲ ကျင်းပတော့မယ်၊ အောင်သက်က သူ့သမီးလေးကိုခေါ်ပြီး ဒီလို လာမယ်တဲ့၊ မင်း ဝမ်းမသာဘူးလား ဖြူ၊ ဒါ အနှစ်နှစ်အလလက ကိုယ့်ဆန္ဒ··ကိုယ့်အိမ်မက်ပဲ၊ ယောကျ်ားလေးဆိုတာ ဘွဲ့ရ··အလုပ်ဝင်··အိမ်ထောင်ပြု၊ ဒါမှ စိတ်မလေမှာကွ၊ အောင်သက်ရဲ့သမီးဆောင်းနှင်းကိုကို မင်းရဲ့သား မြင်ရင် ကြိုက်သွားမှာပါ၊ ကလေးမလေးက တော်တော်လှပါတယ်ကွ”



ဦးထွန်းမင်းက ဝမ်းသာအားရ ဆိုနေသည်။

“ဖြူ တစ်ခုလောက် ပြောချင်တယ်”

“တစ်ခုမက ပြော၊ သုံးလေး ငါးခု ပြော”

“သားကို သေချာမေးကြည့်သင့်တယ်”

ဦးထွန်းမင်း မျက်နှာပျက်သွား၏။

“မင်း ဘာတွေ ပြောနေတာလဲ ဖြူ၊ ဒါ ဟိုးကတည်းက သားသိပြီးသားကိစ္စ၊ စေ့စပ်ပြီးသား”

“ဟုတ်တယ်…ဒါပေမယ့် အခု သူက ဆုံးဖြတ်နိုင်တဲ့အရွယ်၊ သူ့တစ်သက်တာကိစ္စ”

“မင်း မပူစမ်းပါနဲ့၊ ငါ့သားပါကွာ၊ ငါက ဖန်တီးပေးတဲ့ ပျော်ရွှင်မှု ပန်းခင်းလမ်းကို သူ လျှောက်မှာပါ၊ ငါ ယုံတယ်၊ အောင်သက်တို့ သားအဖ ရောက်လာရင် မင်္ဂလာပွဲ လုပ်ကြတော့၊ လိုပါသေးတယ်…လေးငါးလ၊ ငါလည်း ရန်ကုန်သွားဦးမယ်၊ ဆိုင်အတွက် လိုအပ်တာတွေ ဝယ်ဖို့”

ဒေါ်ဖြူဖြူသန့် ပင့်သက်ချသည်။



www.burmeseclassic.com

www.burmeseclassic.com



သားနှင့် အဖေ သဘောထား ကွဲနေပါပြီ။

အဖေက သူ စီမံသမျှ သားက နာခံမယ် ထင်ထားတာ၊ သူကဖြင့် သည်းခံဂိတ်က ဆုံးနေပြီ။

ကြားကနေ ဒေါ်ဖြူဖြူသန့် ဘာလုပ်ရမှန်း မသိ။

"ကိုထွန်းမင်း"

"ဟေ"

"သားနဲ့ ဆောင်းနှင်းကလေးနဲ့ စေ့စပ်ထားတယ်ဆိုတာကလည်း လူကြီးမိဘတွေ သဘောတစ်ခုတည်းနော်၊ သားဆန္ဒပါလို့ ခေါင်းညိတ်ပြီးမှ ဖြစ်ခဲ့တဲ့စေ့စပ်ပွဲ မဟုတ်ဘူး၊ သားကိုမေးပါဦး"

"ဒီမှာ ဖြူ၊ ငါ မွေးထားတဲ့သား ငါ မပိုင်ဘူးလား"

ဒေါ်ဖြူဖြူသန့်က ဦးထွန်းမင်းကို စိတ်ပျက်စွာ ကြည့်မိ၏။

အင်း…ဒီသားအဖနဲ့တော့ ခက်ပါဘိ။

သူတို့ သားအဖကြား နေရတာ စိတ်ရှုပ်မိသည်။

ဘာမှ ဝင်မပြောတာ အကောင်းဆုံးပါပဲ။





မင်းသွင်ခန့်ညားက ဖုန်းကို ကိုင်ထားပြီး ငိုင်နေမိသည်။

"ငါ မသိဘူး၊ ငါ ကားလက်မှတ် ဝယ်လိုက်တော့မယ်"

သူငယ်ချင်းကလည်း ရွတ်ရွတ်တိုးသည်။

"ငါ လိုက်လို့ မဖြစ်ဘူး"

"ဘာလို့လဲ"

"ဖေဖေက တစ်မျိုးကွ၊ ငါ မပြောရသေးဘူး၊ လွှတ်ပါ့မလား မသိပါဘူးကွာ"

"ဟ‥ မင်းပဲ ရအောင် ထွက်လာမယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"မင်းနဲ့ငါ သိတာ ကြာပြီ၊ မင်း ကတိမပျက်ဖူးပါဘူး"

"ငါ့အဖေကြောင့်ပါ"

"လုပ်ပြီ… မင်း မလိုက်လို့ မဖြစ်ဘူး"

"အေးပါကွာ…ငါ ပြောကြည့်မယ်"

မင်းသွင်ခန့်ညားက ဟူးကနဲ လေပူတစ်ချက် မှုတ်ထုတ်မိ၏။ သူငယ်ချင်းကို တစ်ခါတည်းမှာသည်။

"တကယ်လို့ ကားထွက်ခါနီး ငါ ရောက်မလာခဲ့ရင် မင်းတို့ သွားနှင့်၊ ငါ သေချာပေါက် လိုက်ခဲ့မယ်"

"မင်း ပုံမပြောတတ်တာ သိပါတယ်"

သူကလည်း သွားကိုသွားမှာပါ။ ဆုံးဖြတ်ပြီးသား၊ ဖေဖေ လွှတ်သည်ဖြစ်စေ၊ မလွှတ်သည်ဖြစ်စေ၊ ဖေဖေ ခွင့်ပြုပြု၊ မပြုပြု။



"ချောင်းသာကို သူငယ်ချင်းတွေနဲ့လား"

"ဟုတ်"

"တစ်ပတ်လောက် ကြာမယ်"

"ဟုတ်"

ဖေဖေက သူပြောသမျှ သေချာပြန်မေးသည်။

သေချာချင်လို့ ပြန်မေးတာ၊ ခရီးထွက်ရင် ခါတိုင်း ဖေဖေ ချကြပါ။



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင်က ဖေဖေ ခွင့်ပြုပါစေဟု ဆန္ဒပြုနေမိသည်။

ဖေဖေက အတန်ကြာအောင်တိတ်ဆိတ်သွား၏။

ပြီးမှ---

"သားက သွားချင်လို့လား"

"အရမ်းသွားချင်ပါတယ်"

"အေးလေ‥ပြင်းပြင်းပြပြ ဖြစ်နေရင် သွားပေါ့၊ ဒါပေ မယ့် ဖေဖေက သားကို လိုက်လျောပေးတယ်၊ လိုက်လျောပေးခ တယ်ဆိုတာ ခေါင်းထဲ မှတ်ထားပေးပါ"

"ဟာ‥ဝမ်းသာလိုက်တာ၊ ကျေးဇူးပဲ ဖေဖေ"

သည်တစ်ခါတော့ မင်းသွင်ခုန်ညွှား ဖေဖေ့ကို သူငယ် ချင်းလိုမဲ တရင်းတနှီး ခံစားမိ၏။

"စိတ်ချပါ ဖေဖေ၊ မိဘကွယ်ရာမှာ မိဘစိတ်ဆင်းရဲမယ် ကိစ္စ မလုပ်ပါဘူး"

"ကောင်းပါပြီကွာ‥ဖေဖေ ရန်ကုန်က ပြန်လာမှ သား သွားမှာပေါ့ ဟုတ်လား"





ကားလက်မှတ် ဝယ်မယ်တကဲကဲလုပ်နေသော သူငယ်ချင်း ကို ရက်နည်းနည်း နောက်ဆုတ်ခိုင်းရမည်။

ဒါမှ ဖေဖေ ပြန်ရောက်ပြီး သူ လိုက်သွားနိုင်မှာ၊ သူငယ် ချင်းတွေကို အရင်သွားနှင့်ခိုင်းရတော့မည်။

ဖေဖေ မကန့်ကွက်ဘဲ ခွင့်ပြုတာပဲ တော်လှပြီ။

မေမေဆို ဖေဖေ သဘောတူလိမ့်မယ် မထင်ခဲ့။

✱



www.burmeseclassic.com

www.burmeseclassic.com





ဦးထွန်းမင်းက ကိုယ့်ဘေးမှာ ရပ်နေသော ကောင်မလေး နှစ်ယောက်ကို တစ်ချက်ကြည့်ကာ ဟင်းကနဲ သက်ပြင်း ကြိတ်ချ သည်။

ကိုယ့်သမီးလေး ကြီးလာရင်ရော သည်လိုပုံစံပဲ ဖြစ် မလား၊ စကားသံကလည်း ကျယ်လိုက်တာ။

ပြီးတော့ ဝတ်စားထားတာလည်း ခေတ်မီလွန်းပါဘိ ဦးထွန်းမင်းလို ရှေးဆန်သော အဘိုးကြီးမျက်စိမှာတော့ ဆူး ချင်စရာ။





ရယ်လိုက်ပုံကလည်း တဟေးဟေး တဝါးဝါး၊ ဘယ်လို ...ကလေးပါလိမ့်။

ဦးထွန်းမင်းက မသိမသာ ကျောပေးထားပြီး ဆင်းမည့် ...တ်တိုင်ဖေးသေးတာ စိတ်ပျက်မိ၏။ ဘတ်စ်ကားဆိုတော့လည်း ...ည်းခံရတာပါပဲလေ။

မတတ်နိုင်ပါ။

ထိုအချိန်မှာပဲ ကိုယ်ရပ်နေသောနံဘေး ကပ်ရက်က ...ိုင်ခုံ လူထသွားတော့ ဘာရယ်မဟုတ် ကိုယ်က ထိုင်မယ် ...ည့်ရွယ်ကာမှ ပူလောင်ရှပ်ပျာ ကောင်မလေးက ကိုယ်ကို ဝုန်းကနဲ ...ိုးဆွဲကာ ဖွတ်လုထိုင်လိုက်၏။ ဦးထွန်းမင်း အံ့သြကာ မျက်လုံး ...သွားမိ၏။

ဘတ်စ်ကားပေါ်မှာ ထိုင်စရာခုံ ရချင်တာတော့ လူတိုင်း ... အပြစ်တင်လို့ မရ။

သို့သော် နေရာထသွားတာက ဦးထွန်းမင်း ဘေးကပ် ...ာတ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဦးထွန်းမင်းက အသက်အရွယ်ကြီးသော အထို
ကြီးပါ။ ဂါရဝတရား နည်းနည်းထားလျှင် ခွတ်တင်းတို
ဝင်လုထိုင်မှာ မဟုတ်။

ကောင်မလေးက နေရာရသွားပြီး သူ့သူငယ်ချင်းနှ
စကားပြော မပျက်၊ အရယ်အမော မပျက်။

အော်…ခေတ်လူငယ်ကလေးတွေ…။

ဦးထွန်းမင်း မသက်သာ သက်ပြင်းချမိ၏။

ကလေးမလေးက ရုပ်ကလေး အင်မတန် လှသည်
သို့ပါသော်လည်း အထင်သေးစရာဖြစ်အောင် နေသည်။

ထိုင်ခုံနေရာ ဝင်လုသွားပေမယ့် ဦးထွန်းမင်းက ဘာ
စောဒကမတက်။

မတ်တပ်စီးလည်း ထိုခရီးက ရောက်သွားမှာပဲ မဟု
လား၊ ကိစ္စမရှိပါ။

အရေးကြီးတာ ကိုယ့်သားနှင့် သမီးကလေး ဂါရဝတရ
နားလည်ရမည်။ လူကြီးကို လူကြီးမှန်း သိရမည်။





မသကာ ကန်တော့ ဦးလေး…ကန်တော့နော်ဟု ဆိုခဲ့လျှင်
င် ဦးထွန်းမင်း ခွင့်လွှတ်နိုင်သေးသည်။

ကြည့်စမ်းပါတော့…

လူကြီးကို တွန်းတိုက်နေရာလုပြီး သူ မဟုတ်သလို
အောင်းဝန့်စကားပင် မဆို၊ မသိချင်ယောင်ဆောင်နေသည်။

ရိုင်းလိုက်တာ ကလေးမ…။



www.burmeseclassic.com

www.burmeseclassic.com



၄၀

ဦးထွန်းမင်းက သူငယ်ချင်း ဖွင့်ထားသော စတိုးဆိုင်ကြီးထဲ ရောက်သွားတော့ သူငယ်ချင်းအောင်သက်က သူ့ကို ညွှန်မခံနိုင်ဘဲ ပြဿနာတစ်ခုကို ဖြေရှင်းနေ၏။

"လုံးဝ မဟုတ်ပါဘူးဆို၊ ဘယ်လိုပြောရမလဲ"

"ဒါပေမယ့် ခင်ဗျားလက်ထဲမှာ လက်ပူးလက်ကြပ် မိတာလေ၊ ဟုတ်တာ··မဟုတ်တာ ခင်ဗျားပဲ သိမယ်"

အရောင်းတာဝန်ခံက ပြန်ပြောသည်။

"ဘာတွေဖြစ်နေတာလဲ အောင်သက်"





"ဒီမှာကွာ ပစ္စည်းခိုးတယ်လေးဘာလေး၊ ငါလည်း မသိတော့ပါဘူးကွာ"

အောင်သက်က စိတ်ပျက်စွာ ညည်းသည်။

"စဉ်းစားကြည့်စမ်းပါ၊ ခိုးမှဖြင့် မမြင်အောင် ခိုးမှာပေါ့၊ ထီးနဲ့ မတော်တဆချိတ်ပြီး ပါလာတာပါဆို၊ ကျွန်မ ဘယ်လိုပြောရမလဲ"

အသံစာစာကလေးနှင့် စိတ်ပျက်လက်ပျက် ပြန်ပြောနေသော ကလေးမ။

ရေစက်ရှိတာပဲ ပြောရမလား၊ တစ်နေ့တည်း နှစ်ခါလာဆုံရသည်။

မနက်က ဘတ်စ်ကားပေါ်မှာ တစ်ခါ၊ အခု တစ်ခါ အောင်သက်ဆိုင်ထဲမှာ။

"ကဲပါလေ··ထားလိုက်ပါတော့၊ ဒီ ပိုက်ဆံအိတ်ကို ကျွန်မ လုံးဝမကြိုက်ဘူး၊ ဒါပေမယ့် ကျွန်မ ထီးနဲ့ မတော်တဆချိတ်မိပြီး ပါလာလို့ ကျွန်မ ယူလိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ဒီပိုက်ဆံအိတ်ကို ခုန သေချာယူကြည့်တယ် လေ၊ ကျွန်မ မြင်သားပဲ"

အရောင်းစာရေးမက ဝင်ပြောလာ၏။

"ဟုတ်တယ်...ကြည့်မိပါတယ်၊ မကြည့်မိဘူး မပြော ပါဘူး၊ ဒါပေမယ့် ဒီအိတ်ကို ကျွန်မ လုံးဝမကြိုက်ဘူး၊ မကြိုက် တာကလည်း ဖစ်မလိုလို့ဘဲ၊ ဘေးမှာ ဟနေတယ်၊ အိတ်ထဲက ပစ္စည်း ထွက်ကျနိုင်တယ်။ ကျွန်မလက်ထဲမှာ ဒီခေါက်ထီး လက်ကိုင်ကောက်ကလေး ကိုင်ထားတော့ ချိတ်မိပြီး ပါလာတာပါ၊ ဒီအိတ်ကို ခိုးမယ်ဆိုရင် ဒီလို ပေါ်တင်ကြီး ခိုးမလားရှင်"

ဦးအောင်သက်က ထွန်းမင်းကို ကြည့်ပြီး ခေါင်းရမ်းပြ သည်။ မလွယ်ပါဘူးဆိုသည့် သဘော။

'ရှင့်' က နှုတ်ခမ်းလေးကိုက်ကာ မခံချိမခံသာ ဖြစ်မိ၏။ ရှင့်အပြစ်...ရှင့်အမှားပါပဲ။ ရှည်ပြီး ပိုက်ဆံအိတ် သွားကြည့်မိ တာ။

အခုတော့ ဘယ်လိုရှင်းရမှန်းပင် မသိတော့။





ပြီးတော့ ဘတ်စ်ကားပေါ်မှာ ရှင့်ကို မနှစ်မြို့သလို ကြည့်ခဲ့သော အဘိုးကြီးက သည်ဆိုင်ထဲ ရောက်လာသေးသည်။

တာကယ်ပါပဲ...တိုက်တိုက်ဆိုင်ဆိုင်။

ရှင့်က အရုက်ကွဲမှာ မလိုလားတာမို့ မလိုချင်သော ပိုက်ဆံအိတ်ကို ယူလိုက်ဖို့ ဆုံးဖြတ်ရသည်။

တစ်ခါတလေ စိတ်ကသိကအောက် ဖြစ်ရလောက် အောင်ပင် မှားတတ်ပါသလား။

ရှင့်က ပိုက်ဆံအိတ်တစ်အိတ် ခိုးမတဲ့လား။

သည်တစ်ဆိုင်လုံး အလကားပေးတောင် မလိုချင်။

သို့ပေမယ့် ပိုက်ဆံအိတ်က မဝယ်ဘဲ ဆိုင်ပြင်ပါလာခဲ့ သည်။

ရှင့် ပင့်သက်ရှိုက်မိ၏။

"ကျွန်မကို အခွင့်အရေးတစ်ခု ပေးပါ"

အရောင်းတာဝန်ခံကို တောင်းဆိုမိသည်။

"ဒီအိတ်တန်ဖိုးနဲ့ညီမျှတဲ့ တခြားပစ္စည်းတစ်ခု ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထယ်ဖါရစေ၊ ကျွန်မက ဟဲင်းဖုန်းကို အိတ်ထဲထည့်ထားတတ်တော့ ဖစ်မလိုရင် အဆင်မပြေလို့ပါ”

အရောင်းတာဝန်ခံက ဦးအောင်သက်ကို ကြည့်တော့ ဦးအောင်သက်က ခေါင်းဆတ်ပြလိုက်၏။

“ရတယ်လေ”

ရင့်နောက်ကို အရောင်းစာရေးမလေးတစ်ယောက်က ထပ်ကြပ်မကွာ လိုက်လာ၏။

ဘာများ ထပ်ပြီး ခိုးယူမလဲဟု မသင်္ကာတာလား မသိ။ ရင့် မခံချင်မိ၏။ သို့ပေမယ့် နှုတ်ခမ်းကိုက် ငြိမ်နေရသည်။

ဖြစ်မှဖြစ်ရလေ...ခုတလော ဘယ်လိုဖြစ်နေပါလိမ့်။

ဟိုတစ်ရက်ကလည်း Shopping Mall တစ်ခုမှာ ကံကောင်းလို့ သိန်းချီ မလျော်ခဲ့ရတာ။

ဖန်ပန်းကန်ပစ္စည်းတွေ set လိုက် တင်ထားသော ဆုံလည်စားပွဲ၏ အောက်ခြေဘီးကို ဖိနပ်ဦးချွန်နှင့် ဝင်တိုက်မိတာ။

အမယ်လေး...ရင်ပင် တုန်သွားသည်။



ထိုဆုံလည်စားပွဲကြီးက အဆင့်ဆင့် ရမ်းခါသွားပေမယ့် မှုတ်မကျ၊ ဘာမှမဖြစ်။

အားပါးပါး...စားပွဲပေါ်က ဖန်ပစ္စည်းတွေ ဈေးနှုန်း ခေါင်းလိုက်ရင် ငါးသိန်းခြောက်သိန်းနီးပါး။

ရင့် ကံကောင်းလိုက်တာ၊ ဘာမှ ကျမကွဲ။

နောက်ဆို ပိုပြီး သတိထားမှ၊ နမော်နမဲ့ နေလို့မဖြစ်။

မတော်တဆ တိုက်မိလည်း လျော်ရမှာပဲ မဟုတ်လား။

“ဒီလိုပါပဲကွာ”

ဦးအောင်သက်က ဦးထွန်းမင်းကျော်ကို ပုတ်ကာ ညည်း ထိုက်ပြီး ရုံးခန်းကလေးထဲ ခေါ်သွား၏။

တကယ် ခိုးတာလား၊ မတော်တဆ ပါသွားတာလားဆို တာ ဦးအောင်သက် အဖြေရှာ မနေတော့ပါ။

ပြဿနာကို မကြီးထွားစေချင်။ ဦးထွန်းမင်းကတော့ ထိုကလေးမကို သိပ်မသင်္ကာချင်၊ ကလေးမက ဘာတစ်ကားမော ခဲ့နေရာပင် သူ့ကို တွန်းဖယ်ကာ လုထိုင်ခဲ့သေးတာ။



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းရခက်သည်။ ဘယ်လို ဘဝမျိုးလဲ၊ ဘယ်လို အကျင့်စာရိတ္တမျိုးလဲ။

သို့သော် ဦးထွန်းမင်း လုံးဝမကြိုက်နှစ်သက်တာ သေချာ၏။

သားကို အဲဒီလို ကောင်မလေးမျိုးတွေ့မှာ အရမ်း စိုးရိမ်မိ၏။

သားကို မိန်းမပေါ့၊ မိန်းမပျင်းကလေးနှင့် တွေ့မှာစိုးလို့သာ ဦးအောင်သက်၏ သမီးအလိမ္မာကလေးနှင့် မြန်မြန် မြန်းပေးချင်တာပါ။

ဆောင်းနှင်းကိုကလေးက ယဉ်ကျေးသိမ်မွေ့သည်။ နူးညံ့လှပသည်။ ဘာမှ ပြောစရာ မရှိ။

သား မြန်မြန် လက်ထပ်ပြီးမှပဲ ဦးထွန်းမင်း စိတ်အေးရမှာပါ။ သားအတွက် ပူပန်မှုက သူ့ခေါင်းထဲ အမြဲ ရှိနေခဲ့၏။





ကားထွက်ဖို့အချိန် အရမ်းနီးကပ်နေပြီမို့ နှင်းဆီရဲရင့်က အားပေါ် ကမန်းကတမ်း တက်ခဲ့၏။ သူငယ်ချင်းတွေက မနေ့ကတည်းက ထွက်သွားခဲ့ပြီ။ ရင့်တစ်ယောက်ပဲ ကျန်ရစ်ခဲ့တာ။

ရင့် တာဝန်ယူထားသော နိုင်ငံခြား ဧည့်သည်က တစ်ရက်နောက်ကျပြီး ပြန်လို့ပါ။

ရင့်က ကဗျာကယာ ခုံမှာ ထိုင်အချ၊ တစ်ဖက်က ကောင်လေးက သည်ဘက်အလှည့် ခေါင်းချင်း တိုက်မိသွား၏။

"အား"

www.burmeseclassic.com



"အိုး"

နှစ်ယောက်စလုံး အော်မိကြသည်။

"ဦးဖူ...ဦးဖူ...ဆောရီး"

အမယ်လေး...သူက ဦးဖူ လာမန်းပေးနေသေးသည်။

"ရှင် ဘာလို့ ဒီဖက် လှည့်လာရတာလဲ"

"ခင်ဗျား အရမ်း နောက်ကျတယ်၊ မနက် မနိုးလို့လား ဟုတ်လား"

"ဘာဆိုင်လဲ...အခု မနက်မှ မဟုတ်ဘဲ"

"ဟုတ်သားပဲ"

မင်းသွင်ခန့်ညားက မျက်နှာပူစွာ သူ့ဆံပင်တွေ သူ သပ်မိ၏။ တကယ်ပါပဲ...သည်ကောင်မလေးကို မြင်မြင်ချင်း အရမ်း ရင်းနှီးနေသလို ခံစားရသည်။

ဘယ်မှာ တွေ့ဖူးပါလိမ့်၊ ဘယ်တုန်းက သိဖူးပါလိမ့်။ တကယ့်ကို ရင်းနှီးကျွမ်းဝင်နေပါသည်။

သူ့ဘဝမှာ ဘယ်သူ့ကိုမှ စ,နောက်တာမျိုး မရှိခဲ့ပါ။





ကောင်မလေးတစ်ယောက်ကို သူ့ဘက်က နောက်ပြောင်ခဲ့လိမ့်မည် မထင်ခဲ့ပါ။

သူ့ကိုယ်သူ အံ့ဩမိသည်။

သူက အင်မတန် အနေတည် အေးဆေးသူပါ။

"မင်းကို တွေ့ဖူးသလိုပဲ၊ တစ်နေရာရာမှာ"

"မတွေ့မိဖူးဘူး"

နှင်းဆီရဲရင့်က အပြတ်ခါချသည်။

ဘယ်လိုလူလဲ၊ ပြောင်စပ်စပ်နှင့် အရောတဝင် လာလုပ်နေတာ။

"ကျွန်တော်က ဘေးခုံ လူမလာရင် အတော်ပဲ ကျယ်ကျယ်ဝန်းဝန်း သက်တောင့်သက်သာပဲ ဆိုပြီး..."

ရင့်က သူ့ကို မျက်စောင်းရွယ်မိ၏။

ဘာတွေ လာပြောနေမှန်း မသိ။ တွေ့ဖူးသလေးဘာလေး ဒါမျိုး ရိုးနေပြီ...ဟောင်းနေပြီ။

"မင်းကို ညည့်ခံပွဲတစ်ခုခုမှာ မြင်ဖူးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဧည့်ခံပွဲမှ မသွားဘူး"

"အရှမ်းတွေ့ဖူးတယ်"

မင်းသွင်ခန့်ညားက မျက်ခုံးရှုံ့အောင် စဉ်းစားနေရင်း…

"မိန်းကလေးဆိုတာ ဧည့်ခံပွဲတွေဘာတွေ သိပ်မသွား

တာ အကောင်းဆုံးပဲ၊ ကျွန်တော်လည်း ဧည့်ခံပွဲသွားရင် ပျင်းတယ်

မသွားဖြစ်တာများတယ်"

ရင့်က နှာခေါင်းလေး ရှုံ့သည်။

သည်ခေတ်ကြီးထဲမှာ ဒါမျိုးလည်း ရှိသေးလား။

ဟိုးခေတ်က မိန်းမပိုးပန်းနည်းကြီး၊ ဟောင်းလိုက်တာ

သူ ဘာလို့ အစ္စကြောင်ကြောင်နိုင်လွန်းပါလိမ့်။

ရဲရဲဝံ့ဝံ့ မိတ်ဆက်ပြီး ခင်မင်ချင်လည်း ရသားပဲ။

"ခင်ဗျား မျက်လုံးတွေက"

ရင့်ကို သေချာ ငုံ့ကြည့်ကာ ဆိုလာတော့…

"ကျွန်မ မျက်လုံးတွေ ဘာဖြစ်လို့လဲ"

ဟု လန့်ဖျန့်သွား၏။ ချက်ချင်းပဲ မှန်ထုတ်ကြည့်ရမလား





"တစ်ယောက်ယောက်ကို သွားသတိရတယ်"

"ဘယ်သူ့ကိုလဲ"

"ကျွန်တော့်အသွား…ဟုတ်တယ်…ကျွန်တော့်အသွား

ျက်လုံးတွေက အဲဒီလိုပဲ"

နှင်းဆီရဲရင့်က နှုတ်ခမ်းလေး တင်းတင်းစေ့ကာ လက်

ပ်ပြီး ရှေ့တည့်တည့်ကို ကြည့်နေလိုက်၏။

အကြောင်းမရှိ အကြောင်းရှာ လာရောနေလိုက်တာ။

မင်းသွင်ခန့်ညားက တင်းမာအေးစက်နေသော ကောင်မ

းကို ကြည့်ကာ နောက်ထပ် စကားဆက်ဖို့ ခက်သွား၏။

သူ့မှာ အဲဒီလို အတွေ့အကြုံ လုံးဝ မရှိ။

သူ ကောင်မလေးတစ်ယောက်ကို ခင်မင်လာအောင်

ျိုးကပ်တတ်ပါ။ အဲဒီဘက်မှာ လုံးဝ ညံ့သည်။ သူ ဝန်ခံပါ

ည်။

သူ့ပုံစံဟန်ပန်က မစ္စတာဘာင်းလို ရယ်ချင်စရာကြီး

နေပြီလား၊ သိသာနေပြီလား။



www.burmeseclassic.com

အဲဒီကောင်မလေးအပေါ် သူ မရိုးမသားဖြစ်မိတာ မဟုတ်။ စကားပြော ရင်းနှီးချင်တာပါ။

ထူးဆန်းတာက စိတ်ထဲမှာ အလိုလို ရင်းနှီးနေတာ

မင်းသွင်က လက်ထဲက ဂျာနယ်ကို ဟန်ပါပါထောင်ပြီး...

ဖတ်သလိုလိုနှင့် ဘေးက ကောင်မလေးကို မျက်လုံး ထောင့်ကပ်ကာ ခိုးကြည့်နေမိသည်။

သိပါသည်။

လုံးဝ သေသေချာချာ သိနေတယ်...

စဉ်းစားလို့ မရတာပါ။

စဉ်းစားစမ်း...မင်းသွင်...စဉ်းစား။

ကောင်မလေးက သူ့ကို လှည့်ကြည့်လာ၏။

သူ ခိုးကြည့်နေတာ တန်းမိသွားတော့ သူ ရှိုးတိုးရှန့်တ နှင့် ပြုံးပြမိ၏။

"စာကို ဖောက်ထိုးဖတ်တတ်တာ အံ့ဩပါတယ်"





ကောင်မလေးပြောမှ သူ့ဂျာနယ်ကို သူ ပြန်ကြည့်မိ သည်။

ဂျာနယ် ဖောက်ထိုးကြီး ဖတ်နေမိပါရောလား။

သူ့အဖြစ်က ဟားစရာချည်းပါလား။

သူ မလုံမလဲ ပြုံးမိ၏။

"သည်းခံတာ အတိုင်းအတာ ရှိတယ်ရှင့်"

အသံမာမာနှင့် သူ့ကို ပြောလိုက်ပုံများ...။

"ရက်စက်လိုက်တာဗျာ"

"ရှင် အူကြောင်ကြောင် မလုပ်နဲ့"

"တစ်ခရီးတည်းသွားရမှာ"

"အဲဒါ ဘာဖြစ်လဲ"

"ကျွန်တော်တို့ ခရီးဖော် မဖြစ်နိုင်ဘူးလား"

"ဟွန့်"

နှင်းဆီရဲရင့်က မျက်စောင်းရွယ်၏။

"ရှင် လွန်ကဲလာရင် ကျွန်မ နေရာရွှေ့မယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ထိအောင်ပဲလား"

"အိုကော...ခင်ဗျား စိတ်ဆိုးအောင် ဘာမှ မလုပ်ဘူး"

မင်းသွင်ခန့်ညားက လက်နှစ်ဖက် မြှောက်ပြသည်။

"ဒါပေမယ့် တစ်ခုခုတော့ လက်ခံရမယ်"

"ဘာလဲ"

"ခင်ဗျားလည်း ချောင်းသာသွားမှာပဲ"

သိပြီးသားကြီး...လာပြောနေသည်။

"ဟိုရောက်ရင် မီးပုံပွဲကို လာရမယ်၊ ကျွန်တော် လာ ဖိတ်မယ်၊ ဘယ်လိုလဲ"

"မလာပါဘူး"

"ဘာလို့လဲ"

"ရှင်နဲ့ ကျွန်မမှ မသိတာ"

"သိပါတယ်...ကျွန်တော်က မင်းသွင်ခန့်ညား"

နှင်းဆီရဲရင့်က ပြန်မိတ်မဆက်ပါ။ ရိုင်းတယ်ထင်လည်း ထင်၊ တိုးရစ်ဂိုက်လုပ်နေပြီး မယဉ်ကျေးတာ မဟုတ်။





ပြောမပြချင်တာ၊ မခင်မင်ချင်တာ။

တွေ့တွေ့ချင်းပင် နမူးထိပ်မှာ အာလူးထွက်အောင် တိုက် ...သူ။

သူနှင့် လုံးဝ ခင်လို့မဖြစ်။

"ညစာ စားဖို့ရယ်...မီးပုံပွဲရယ်... ဖိတ်ပါတယ်"

"မလာပါဘူးဆို"

"လာခဲ့ပါဗျာ"

"လုံးဝ မလာဘူး"

"ခင်ဗျား ဘယ်မှာတည်းမှာလဲ"

"မသိဘူး"

"မပြောလည်း ရပါတယ်၊ ချောင်းသာက ဘယ်လောက် ...ယ်လို့လဲ၊ ရှာလို့ ရပါတယ်"

"ရှင် နှောင့်ယှက်မယ် စိတ်မကူးနဲ့"

"နောက်တာပါဗျာ၊ မနှောင့်ယှက်ဝံ့ပါဘူး၊ ကျွန်တော့် ...ထိပ်က အာလူးသီးကြီးက အရှိန်းနာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင်ခန့်ညားက သူ့အာလူးသီးကို သူ စမ်းကြည့်ပြီး ရှိခဲ့ရ၏။

"ဪ…ဒါနဲ့ မင်း ထိုင်ခုံမှားနေပြီ ထင်တယ်"

"ဘယ်လို"

မင်းသွင်ခန့်ညားက ခပ်တည်တည် ဆို၏။

"ဒီဘေးခုံက ကျွန်တော့်သူငယ်ချင်းအတွက် ကျွန်တော် ဝယ်ထားပြီးသား၊ ခင်ဗျား လာထိုင်တော့ အံ့ဩနေတာ"

"မဟုတ်ပါဘူး"

နှင်းဆီရဲရင့်က ကားလက်မှတ်ကို ချက်ချင်း ထုတ်ကြည့်၏။

"ဘယ်မှာ မှားလို့လဲ"

မင်းသွင်ခန့်ညားက ကားလက်မှတ်မှာပါသော နာမည်လေးကို ဖတ်လိုက်၏။

နှင်းဆီရဲရင့်တဲ့လား။

"ရှင် မှားနေတာ ဖြစ်မယ်"





"အင်း…ဟုတ်မှာပေါ့"

သူ ပီပြင်စွာ ပြုံးလိုက်၏။ နာမည်သိချင်လို့ လုပ်လိုက်တာကို နှင်းဆီရဲရင့်က မသိရှာ။

"ဟင်…ရှင်"

ရင့်က သူ့ကို လက်ညှိုးထိုးကာ မျက်လုံးကလေး ပြူးကျယ်ဝိုင်းစက်သွား၏။

"ရှင် လူလည်ပဲ၊ ကျွန်မက ရှင့်ကို လူအ ထင်တာ"

"လျှော့မတွက်နဲ့လေ"

နှင်းဆီရဲရင့်က သူ ဘာမင် နာမည်သိချင်လို့ ကားလက်မှတ် ထုတ်ပြခိုင်းတာ သိသွား၏။ ခက်တာက နှင်းဆီရဲရင့် အညာခံသွားတာ။

သူ့ကို လျှော့တွက်လို့ မရ။

"ခင်ဗျားက နာမည်လေး ပြောရမှာတောင် တွန့်တို နှမြောနေတယ်လေ"

သူ့ကို နောက်ထပ် စကားမဆိုဘဲ နေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ရင့်ကို ထပ်ပြီး မနှောင့်ယှက်ရဲသလို ငြိမ်နေ၏။

အတော်ကလေး ကြာတော့မှ သူက ဝုန်းဆို ထခုန်ပြီး အော်၏။

"အိပ်မက်...အိပ်မက်ထဲမှာ ခင်ဗျားကို တွေ့ဖူးတာ။ သတိရပြီ...ဟုတ်တယ်...အိပ်မက်"

ကားထဲက လူတွေ ရင့်တို့ကို ကြည့်တော့ ရင့်က မျက်နှာကလေး နီကာ ရှက်မိ၏။

သည်လူ ဘယ်လိုပါလိမ့်။

ဇာတ်လမ်းတွေ လာထွင်သည်။

သူ့ လန်ကြုတ်(လုပ်ကြံ) ဇာတ်လမ်းကို ဘယ်သူက ယုံမှာလဲ။ ဒါမျိုးများ မယုံရေးချမယုံ။

မင်းသွင်ခန့်သားက ကားပေါ်က လူတွေ ဝိုင်းအုံကြည့်နေကြတာ တွေ့ရတော့ ရှက်အမ်းအမ်းနှင့် ခုံမှာ ပြန်ထိုင်ချသည်။ လောကကြီးက ရှုံဖန်ရှံခါ သည်လိုပါပဲ။





ပြောလာမုံ ကြုံဖူးမှ သိတဲ့။

အံ့သြထူးဆန်းသော ကိစ္စကို ကိုယ်တစ်ယောက်တည်း အိပ်နေတုန်း ကြုံခဲ့ရတာပါ။

ပြောတော့ရော ယုံမှာလား။

"ခင်ဗျား မယုံဘူး မဟုတ်လား"

"ဘာကို ယုံရမှာလဲ"

"ကျွန်တော် ခင်ဗျားကို မြင်ဖူးတာ"

"လုံးဝ မယုံဘူး"

"ဒါဆို ကျွန်တော် ပြောပြမယ်"

"နားမထောင်ချင်ဘူး"

"နားထောင်ပေးပါဗျာ"

"ရှင် အမိန့်မပေးပါနဲ့"

"အမိန့် မပေးရက်ပါဘူး...ပြောပြချင်လွန်းလို့ပါ"

နှင်းဆီရဲရင့်က မျက်နှာတစ်ဖက် လွှဲနေ၏။

"ခင်ဗျားကို ကျွန်တော့်အိပ်မက်ထဲမှာ တကယ် တွေ့ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာဗျ၊ ခင်ဖျား ရှပ်အင်္ကျီလေး ဝတ်ထားတယ်ဗျ၊ ရှပ်အင်္ကျီက ဟောင်းနေပြီ၊ မသစ်တော့ဘူး''

အမယ်လေးနော်…ကိုရွှေမင်းသွင်ခန့်ညားရယ်…

သူများတကာကို အိပ်မက်ထဲမှာတောင် အင်္ကျီ အဟောင်း အနွမ်းနှင့် မက်ရတယ်လို့၊ အင်္ကျီအသစ်ကလေးနှင့် မက်လည်း ရသားပဲ။

''ခင်ဖျား ရှပ်အင်္ကျီက အနီနဲ့ အစိမ်းအကွက်ကလေး အဲဒါကို စကပ်ရှည်အစိမ်းကလေးနဲ့ ခင်ဖျား တွဲဝတ်ထားတယ် အဲဒီ့ ရှပ်အင်္ကျီက ထက်ထက်မိုးဦး ဗွတ်မောနင်း ကြော်ငြာမှာ ဝတ်တယ်၊ နန္ဒာလှိုင်ဆီမှာလည်း ရှိတယ်၊ ကျွန်တော် ကြည့်ခဲ့ တဲ့ ရုပ်ရှင်ကားကြီးထဲမှာ နန္ဒာလှိုင် ဝတ်တယ်''

''လျှာရှည်လိုက်တာ''

''ရှိတယ် မဟုတ်လား၊ ရှပ်အင်္ကျီအနီနဲ့ အစိမ်း အကွက်''

''အင်း…ရှိတယ်''





''ပြီးတော့ စကဒ်ရှည် အစိမ်းကလေး''

''အဲဒါ ဘယ်သူ့မှာမဆို ရှိနိုင်တယ်''

နှင်းဆီရဲရင့်က ငြင်းပစ်လိုက်၏။

စိတ်ထဲမှာတော့ အနည်းငယ် အံ့အားသင့်မိတာ အမှန်။

ကိုယ်က ကြိုက်လွန်းလို့ မကြာခဏ ဝတ်တာမို့ ထို ဝတ်စုံကလေးက တကယ်ပဲ ဟောင်းနွမ်းနေခဲ့ပါပြီ။

သူ…အစကတည်းက ရင့်ကို သိနေတာများလား။

''ပြီးတော့ ခင်ဖျား နာရီအဖြူကလေး ပတ်ထားတယ်၊ အသည်းပုံကလေး''

''ဟင်''

သူ တော်တော်စေ့စေ့စပ်စပ် သိပါလား။

''ရှင် အစကတည်းက ကျွန်မကို သိတယ် မဟုတ်လား၊ အဲ့ဒီတွေ အိပ်မက်လေး ဘာလေးနဲ့''

''အေးဗျာ…ကျွန်တော်…ထားလိုက်ပါတော့''

ထိုကိစ္စကို ရှင်းပြဖို့ မလွယ်ဘူးဆိုတာ သူ သဘောပေါက်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။ ဘယ်သူ ယုံမှာလဲ၊ ကျိန်ပြောရင်တောင် ယုံမှာ မဟုတ်ရှိပါစေတော့။

လက်လျှော့လိုက်သလို မင်းသွင်က ဆိုဖာကို မှီချလိုက်၏။ ဆက်ပြောနေလည်း ထူးမှာမှ မဟုတ်တာ။

"တစ်ခု ပြောပြဦးမယ်"

"ပြော…မဟုတ်တာတွေ၊ ယုံတမ်းစကားတွေ ပြောဦး"

"ခင်ဗျား မှန်တင်ခုံထောင့်မှာ ဖြူဖွေးဆွတ်နေတဲ့ မွေးပွရုပ်ကလေး ရှိတယ်၊ အဲဒီမွေးပွရုပ်ကို ခင်ဗျား ဖဲကြိုးနီလေး လည်ပင်းမှာ စည်းပေးတယ်၊ ပြီးတော့ ရေမွှေးဆွတ်ပေးတယ်၊ အဲဒီအရုပ်ကို ခင်ဗျားယူပြီး ကျွန်တော့်ကို ပေးတယ်ဗျ၊ အိပ်မက်ထဲမှာ"

နှင်းဆီရဲရင့် ကိုယ့်ဘေးခုံမှာ ကပ်ထိုင်နေသော ရုပ်တစ်ယောက်ကို ခေါင်းလေးစောင်း၊ လည်လေးလိမ်ကာ ငုံကြည့်ရင်း နှုတ်ခမ်းလေးတွေ ပွင့်ဟသွားရသည်။

ထူးဆန်းလိုက်တာ။

ဝိုးနင့်တင့်ပင် မသိသော အကြောင်းအရာ။





"အဲဒါ…အဲဒါ… ရှင် ဘယ်လို သိနေတာလဲဟင်"

ကိုယ့်အခန်း ကိုယ့်ဘဝကိုလည်း မလုံမလဲ ဖြစ်သွားရလေသည်။

ချောင်းကြည့်ကင်မရာတွေ ဘာတွေများ ရှိနေရော့သလား။ ဒါမှမဟုတ် အခန်းပြတင်းကနေ အဝေးကြည့်မှန်ဘီလူးနှင့် ကြည့်တာများလား။

မသင်္ကာစရာ ကောင်းလိုက်တာ။

အဟုတ်ပါပဲ။

သူ ပြောစရာ ကုန်သွားသလို ကုရှင်ကို မှီချကာ မျက်လုံးမှိတ်ထားလိုက်၏။

မအိပ်နိုင်တာက ရင့်။

စိတ်အေးလက်အေး မရှိနိုင်တာက ရင့်။

သူ ဘယ်သူလဲ။

ရင့်အကြောင်းတွေ အတွင်းကျကျ စုံစုံစေ့စေ့ သိနေတာ သာသာဘောလဲ၊ ဘာရည်ရွယ်ချက်လဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့တို့ မျက်စိကလေး ထောင့်ကပ်ကာ အကြာကြီး ကြည့်နေမိတော့ သူက မျက်လုံးဖွင့်မလာဘဲ တီးတိုးရေရွတ်၏။

"အိပ်မက်က အိပ်မက်ပါဗျာ" တဲ့။

သူ ဘာလို့ အဲဒီလို ပုံစံနဲ့ ချဉ်းကပ်နေရတာလဲ။ ရင့်ကို ရတက်မအေးစေတာ အမှန်။

"ဒီမှာ"

"ပြော"

"ရှင်နဲ့ ကျွန်မက ရှင့်အိပ်မက်ထဲမှာ ဘာလဲဟင်"

"ခင်ဗျား ဒီမေးခွန်း တကယ်မေးလိုက်တာလား"

"ဟုတ်တယ်…သိချင်တယ်၊ ရှင်ပြောသလို အိပ်မက်က အိပ်မက်ပါပဲ၊ လက်တွေ့ မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်မ သိထားတော့ ပိုကောင်းတာပေါ့"

"ချစ်သူတွေ"

"ဘာ"

သူက တောက်ပစွာ ပြုံးလိုက်၏။





"အဓိပ္ပာယ် မရှိလိုက်တာ၊ ဟွန်း…"

မေးလို့လည်း ဖြေတာပါ၊ ဖြေတော့လည်း စိတ်ဆိုးသည်။

ယ်လိုလဲ၊ ဒါဆို ဘာလို့ သိချင်တာလဲ"

ပြောရက်လိုက်တာကွာ။

အိပ်မက်က အိပ်မက်ပါပဲတဲ့။

ချိုမြိန်နူးညံ့တဲ့ ကိုယ့်အိပ်မက်တွေ အဆိပ်သင့်ကုန်ပါပြီ။

ယ်က အဲဒီအိပ်မက်ကို ရူးသွပ်စွာ ပျော်ဝင်ခဲ့သူပါ။ အခုတော့ ယ်ရာမလပွနှင့် နာကျင်စရာတွေ အထပ်ထပ် ဖြစ်ရပြီ။

ကိုယ့်နှလုံးသားလည်း အလဲလဲ အကွဲကွဲ ပြိုကွဲကုန်ပါပြီ။

မင်းမျက်လုံးတွေက စိမ်းလိုက်တာ။

မင်းနှုတ်ခမ်းတွေက ပြတ်လိုက်တာ။

ကိုယ်တွေ့ခဲ့ဖူးတဲ့ မင်းက ဒီလို မဟုတ်ဘူး။

အိပ်မက်ထဲမှာ မျက်လုံးတစ်စုံက ကိုယ့်ကို ညှို့နိုင်လွန်း တာ။ ကွေးညွတ်ညွတ် မင်းနှုတ်ခမ်းတွေက ကိုယ့်ကို ထိုးကျွမ်းပြန်သွားအောင် သွေးဆောင်ခြင်းကို ခံရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ မင်းယုံမလား။

ယုံမယ်ဆို ထပ်ပြောပြချင်ပါသေးတယ်‥ကောင်မလေး

ရယ်‥။ ကိုယ် ရှူးတာပဲ ထားပါတော့။

ယဉ်ယဉ်ကလေး ရှူးတာပဲ ထားပါတော့။

တစ်ယောက်နဲ့တစ်ယောက် မတွေ့ခဲ့ဘူးလို့ သဘောထား

ရအောင်‥။ မင်းသွင် အံကြိတ်ဆုံးဖြတ်မိသည်။

နှင်းဆီရဲရင့်။

မင်းဟာ ကိုယ်လှမ်းလို့ မမီတဲ့ နှင်းဆီတစ်ပွင့်များလား





ချောင်းသာရောက်ပြီး ကားပေါ်က ဆင်းချိန်အထိ

င်းသွင်လည်း နှုတ်ဆိတ်နေမိ၏။

မယုံသင်္ကာ မျက်ဝန်းများနှင့် သံသယပါသော နှုတ်ခမ်း

စုံကို မာနနှင့် ကျော်ခိုင်းမိ၏။

တမင် လုပ်ကြံပြောနေတယ်များ ထင်သလား။

သူကလည်း မာနရှိသော ယောကျ်ားပါ။

လုံးဝ နှုတ်မဆက်ဘဲ ထွက်လာခဲ့ပါ၏။

သို့သော် ညနေပိုင်း ကမ်းခြေမှာ ရင့်နှင့် ပြန်တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကိုတွေ့တော့ သူ သူငယ်ချင်းတွေနှင့် ဘောလုံးကန်နေတာကို ထားပြီး နောက်က လိုက်လာခဲ့၏။

"ရှင် ကျွန်မကို တွေ့ကတည်းက စိတ်ကသိကအောက်ဖြစ်အောင် လုပ်နေပါလား"

"မင်း ဘယ်သူ့ကို ပြောတာလဲ"

နှင်းဆီရဲရင့်က သူနှင့် မျက်နှာချင်းဆိုင်ရပ်ကာ စွပ်စွဲသော၏။ တတ်ထားသော မျက်မှန်ပန်းရောင်ကလေးကို နဖူးပေါ်ဖြစ်ကာ ဆံပင်ပေါ်အထိ တင်လိုက်၏။

"ခရီးလမ်းတစ်လျှောက်လုံး ကျွန်မ စိတ်ရှုပ်အောင် ရှင်လုပ်တယ်"

"ကျွန်တော်လား"

"ဒီနေ့လည်း ရှင် ဘာလာရှုပ်ပြန်ပြီလဲ"

"တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားနေကြတာပဲ၊ တွေ့ကြတာ မဆန်းပါဘူး"

"ဘာ"





"ခင်ဗျား ဘာလို့ ခွဲခြားခွဲခြား မတူမတန် လုပ်နေရတာလဲ၊ ခင်ဗျား လမ်းလျှောက်တာ ကျွန်တော် လိုက်လို့ မရဘူးလား"

"ရှင် အရမ်းမှားနေပြီ"

"ဗျာ"

"ကျွန်မ ရှင့်ကို လုံးဝမလိုအပ်ဘူး၊ ရပ်တန်းက ရပ်ပါတော့"

နှင်းဆီရဲရင့်က အပြတ်ပြောပြီး ခြေလှမ်းစသည်။

"နေပါဦးဗျာ"

မင်းသွင်ခန့်သွား၍ သူမရှေ့မှ ပိတ်ရပ်ကာ ဆီးတားမိ၏။ ရှင့် ဘယ်လိုပဲ တင်းထားတင်းထား သူငယ်ချင်းတွေနှင့် ဘောလုံးကန်နေချိန်မှာ ကမ်းခြေမှာ ပန်းရောင်ရိပ်ကလေး မြင်ရသော သူ မနေနိုင် ပြေးလိုက်လာမိသည်။

နှလုံးသားက မာန မထားနိုင်။

"ရှင် ဖယ်"

ရှင့်က သူ့ကို စူးကနဲ ကြည့်ကာ ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



သူ ဆက်ပြီး မတားရဲပါ။

အသာကလေး လမ်းဖယ်ပေးမိ၏။ ပြီးမှ နောက်က

ဆက်လိုက်လာသည်။

"ကျွန်မနောက် မလိုက်ဖို့ ပြောနေတယ်နော်"

"မင်းကိုယ်မင်း ဘာထင်နေတာလဲ၊ ခင်ဗျားနော

လိုက်တာမဟုတ်ဘူး၊ ကြံကြီးစည်ရာဗျာ...ကိုယ့်ဟာကို

ကမ်းခြေမှာ လမ်းလျှောက်နေတာ"

ရင့်က သူ့ကို အဖက်လုပ်ပြီး စကားမပြောတော့

ဘန်ဂလိုဘက် ပြန်လှည့်သည်။

ဆက်ပြောနေလျှင် ရန်ဖြစ်ရတော့မည်။

ပြဿနာကို မဖန်တီးချင်၊ ရှောင်လိုက်တာပဲ ကော

သည်။ သူက ဘယ်လိုလူမှန်း မသိ။

"ပြန်တော့မလို့လား"

"ပြန်မယ်"

"ခင်ဗျားမှာ ရည်းစား မရှိဘူးလား"





ရင့်က ပြန်မဖြေပါ။ ဖြေချင်စိတ်ကို မရှိ။

"ကျွန်တော့်မှာ ချစ်သူ ရှိတယ်"

"ဟင်"

ချစ်သူ ရှိသတဲ့၊ ဒါ ချစ်သူရှိတဲ့ ယောကျာ်းလား။

အနေတစ်စက်မှ မတည်။

မျက်နှာက ပြောင်ချော်ချော်၊ အရှက်လည်း မရှိ။

ကားပေါ်က ဆင်းတော့ နှုတ်ပင် မဆက်နိုင်အောင်

သွားခဲ့တာ ရင့်က သူ တကယ် မာနထားနိုင်သည်ပဲဟု ထင်

ိုက်တာ။ အခုတော့ အလကား။

"ကျွန်တော့်ကောင်မလေးက အရမ်းသဘောကောင်းတာ၊

င်ဗျားလို နှုတ်ခမ်းမစူတတ်ဘူး"

"စိတ်မဝင်စားဘူး"

"ခင်ဗျား မနာလို ဖြစ်သွားတာလား"

"ဝေးပါသေးရဲ့"

မင်းသွင်က အော်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရယ်သံက ပင်လယ်ကြီးဆီ ပြေးလွင့်သွား၏။

ဘဝမှာ လွတ်လပ်အေးချမ်းစွာ လှိုက်လှဲပျော်ရွှင်စွာ ရယ်တာ သည်တစ်ခါ ပထမဦးဆုံးပါပဲ။

ဖေဖေ့စည်းကမ်း၊ ဖေဖေ့အရိပ်အောက်မှာ သူ့စိတ်ေ မွန်းကြပ်နေခဲ့ပါသည်။

ဖေဖေ့စေတနာကို သူ နားလည်ပါသည်။ သို့သော် အတွက် အနေကျဉ်းစေခဲ့သည်။

"ဘာမှလည်း ဒီလောက် ရယ်စရာ မပါဘူး"

"ဟုတ်ပါတယ်"

မင်းသွင်က ရင့်ကို တစ်ချက်လှည့်ကြည့်၏။

မာနကြီးလွန်းတာလည်း မပြောနိုင်။

နှင်းဆီရဲရင့်က သိပ်လှသည်။ အိပ်မက်ထဲမှာထက် မို နေသည်။ ပန်းရောင်ဖျော့ဖျော့ လက်ကိုင်ပုဝါပုံစံ အင်္ကျီကလေး ထမီကလေးက ခါးမှာ ကြိုးချည်ထားပြီး အနားမှာ အမွှားလေး ပါသည်။





"ဘာကြည့်တာလဲ"

"ခင်ဗျား အရမ်းလှတာပဲ"

"တော်ပါ…ဒီလောက် အိုမင်းရင့်ရော်တဲ့ စကားလုံးကြီး ရှင် အရမ်းအတာပဲ"

"မျက်စိထဲမြင်တာကို မြင်တဲ့အတိုင်း ပြောတာပါ"

"ဒါပေမယ့် ဒီစကားက မြောင့်ပင့်စကားကြီး"

"မင်းကို လှတယ်လို့ သူများတွေက မပြောဘူးလား"

"မပြောပါဘူး…အိမ်မှာဆို ဝိုနဲ့ တင့်က ကျွန်မထက် ပိုလှတယ်၊ သူငယ်ချင်းတွေထဲမှာဆို သီဂီနဲ့ နှင်းနှင်းက ကျွန်မ ထက် ပိုလှတယ်"

"ဟုတ်လား"

မင်းသွင်က သူမ လိုလားစွာ ပြောသော စကားကို မှတ်ထားမိ၏။ ဝိုနှင့် တင့်ဆိုတာ သူမ ညီမတွေ ဖြစ်နိုင်၏။

"ညီအစ်မ သုံးယောက်လား"

"ဟုတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်မှာလည်း ညီမလေးတစ်ယောက် ရှိပါတယ်၊ ဒါပေမယ့် သူက ကလေးအာသာအရွယ် ကွာလွန်းတယ်"

ရင့်က ခေါင်းညိတ်သည်။

စကားပြောကြည့်တော့လည်း ရင့်က သူ ထင်သလောက် မတင်းမာဘဲ နူးညံ့နေပြန်သည်။

"ညကျရင် မီးပုံပွဲ လာမှာလား"

"မလာပါဘူး…ကျွန်မတို့လည်း ညစာစားပွဲလုပ်မှာ"

"ကျွန်တော် လာရမလား"

"ဟင့်အင်း"

ဟိုလိုလည်းမဟုတ်၊ သည်လိုလည်းမဟုတ်။ အာမခံ ငြင်းနေပါရောလား၊ မိတ်ဆွေသူငယ်ချင်း မဖြစ်နိုင်ဘူးလား။

သူ သက်ပြင်း ခိုးရှိုက်မိ၏။



သူတို့အုပ်စု ကျင်းပသော မီးပုံပွဲကို ရင့်က ရောက်မလာ။ တကယ်လည်း ရောက်မလာ။ အင်မတန် နေစိမ့်သူပါ သား။

သူ့ရင်ထဲမှာ အတိုင်းမသိ ကြွေမိသည်။

လှသလောက် နှလုံးသားက မာကျောလိုက်တာ။

သူတစ်ယောက်တည်း ငေးငိုင်ငိုင်နှင့် နောက်တော့ ဘန်ဂလိုရှေ့မှာ ထိုင်ပြီး ပင်လယ်လှိုင်း ရိုက်တာကို လှမ်းကြည့်နေမိ၏။

ညဖက် မှောင်နေတော့လည်း ပင်လယ်ကြီးက ကြောက်စရာလို၊ နေ့ခင်းပိုင်းဆို ပြာလဲ့ပြီး ကြည်နူးစရာကောင်းသလောက်

www.burmeseclassic.com



ညဖက်ကျတော့ ရှိုင်းရိုက်သံ တဝုန်းဝုန်းက ချောက်ချားချင်စရာ။

သူ့အခန်းထဲ ဝင်လာပြီး ပြတင်းပေါက်ဖွင့်ကာ ပြတင်းပေါက်ဘောင်ပေါ် တက်ထိုင်ပြီး ဟိုငေးသည်ငေး လုပ်နေမိ၏။

ပြီးတော့မှ… သူ ခုတင်ထက်မှာ လှဲချမိ၏။

ထူးဆန်းလိုက်တာကွာ။

အဲဒီကောင်မလေးက မလာတာများ၊ ဘာဖြစ်လဲ… ကောင်မလေးရှိရာ သူ သွားလို့ရသားပဲဟာ…။

ရင်ဘတ်ထဲမှာ ဘာလို့ ခံစားနေရတာလဲ။

တံခါးခေါက်သံဖွဖွကို သူ ကြားမိသလိုပင်။

ဟိုကောင်တွေ ပြန်လာပြီ ထင်သည်။

အခန်းထဲမှာ သူ့အပြင် နောက်နှစ်ယောက် ရှိသေးသည်။ သူတို့က နှစ်ယောက်ခန်းကို Extention ထိုးပြီး သုံးယောက်နေကြတာပါ။

မင်းသွင်ခန့်ညားက တံခါးထဖွင့်ပြီး ကြည့်ပင် မကြည့်ဘဲ အိပ်ရာဆီ ပြန်လျှောက်သည်။





"ဒီမှာ"

မကျေမနပ်အသံကလေးက စူးရှနေ၏။

"ဟင်"

သူ ချာကနဲ လှည့်ကြည့်မိ၏။ သူက သူ့သူငယ်ချင်းတွေ ...တ်နေခဲ့တာပါ။

နှင်းဆီရိုရင့်က အသည်းပုံ ပူဖောင်းကလေး လက်ထဲ ...င်ကာ နှုတ်ခမ်းလေးစူပြီး မျက်စောင်းရွယ်သည်။

"မီးပုံပွဲလည်း ဖိတ်သေးတယ်၊ ရှိလည်း မရှိဘူး၊ ဘယ်လို ...သေး အဲဒီလိုမှန်းသိ မလာပါဘူး"

"အခုပဲ တက်လာတာ"

"အမယ်လေး…ကမ်းခြေရောက်တုန်း အခန်းအောင်းနေ ...တား၊ ဒီလောက် ပျော်စရာကောင်းတာ၊ ဘယ်သူမှ မအိပ်သေး ..."

"ဟုတ်ပါတယ်"

မင်းသွင်ခန့်ညားက ဆံပင်တွေကို သပ်ပြီး ပြုံးသ...၏။



www.burmeseclassic.com

www.burmeseclassic.com



လာမယ် မထင်ပါဘူးဆိုပြီး စိတ်ဓာတ်တွေ အစုလိုက် အပြုံလိုက် ကျဆင်းသွားခဲ့တာ။

"ရော့ ··ဒါက ရှင့်အတွက်"

"ဗျာ"

"ရှင့်တို့ကို ညစာစားပွဲမှာ အမှတ်တရ ပေးတာ၊ အဲဒါ ရှင့်ကို ပြန်ပေးမယ်"

"ကျွန်တော့်ကို"

"ဟုတ်တယ်လေ"

ဝမ်းသာအားရ သူ လှမ်းယူမိ၏။

ဘောင်းဘီအဖြူ၊ တီရှပ်အနီကလေးနှင့် ရှင့်က လှဝ ကြော့ရှင်းသွက်လက်နေလိုက်တာ။

သူ့ရင်ထဲမှာ ဝီးကနဲ ဝီးကနဲ လေယာဉ်တွေ ဖြတ်ပြေး သွားသလို ခံစားရသည်။

ရင်ခုန်တယ်ဆိုတာ အဲဒါမျိုးလား။

သူ ရင်ခုန်နေမိသလား။





ရင်ဘတ်ကို လက်နှင့် ဖိထားမိ၏။

တဒုန်းဒုန်းနှင့် ရင်ခုန်သံက ကြမ်းတမ်းလွန်းလိုက်တာ၊ ဝင်လယ်ရေလှိုင်းခတ်သံထက်ပင် ပိုမြည်နေသေးသည်။

သူ့ဘဝမှာ တစ်ခါမှ အခုလို မတွေ့ခဲ့ဘူးပါ။

စည်းကမ်းကြီးသော ဖေဖေ့အရိပ်အောက်မှာ ရိုးသား အေးဆေးစွာ ကြီးပြင်းခဲ့ရသော လူရွယ်တစ်ယောက်ပါ။

ကောင်မလေးတွေနှင့် ပတ်သက်လျှင် သူ့အတွေ့အကြုံ က Zero လုံးဝ သုံညစစ်စစ်။

ယုံချင်ယုံ၊ မယုံချင်နေ။

"ရှင် ··နှင်းဆီရဲရှင်"

"ဟာင်"

နှင်းဆီရဲရှင်၏ လက်တစ်ဖက်ကို ဆတ်ကနဲ ဆွဲယူမိ၏။ စိတ်ထဲ မာတ်လိုက်သလို ကျဉ်ကနဲ နေးတက်သွား၏။ ရှင့်၏ နုသော လက်ကလေးက တရှိန်းရှိန်းနှင့် သူ့နှလုံးသားကို ပွတ်နေ သလိုပါ။



www.burmeseclassic.com

www.burmeseclassic.com



ရင့်၏ မျက်နှာကလေးက ရဲတွတ်သွားသည်။

"လွတ်...ဒါ ဘာလုပ်တာလဲ"

"ခဏလေးပါ...ကျွန်တော့်ရင်ဘတ်ထဲကို စမ်းကြည့် တဒုန်းဒုန်းနဲ့ ငလျင်တုန်နေသလိုပဲ...လုပ်ပါဦး"

"အိုး...ဘယ်လိုလူလဲ၊ ရဲတင်းလိုက်တာ၊ အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲ...လွတ်ဆို"

နှင်းဆီရဲရင့်က စိတ်ဆိုးသွား၏။

သူ့အခန်းရှေ့ ရောက်လာမိတာ မှားပြီ။ သူ အထင်သေးလို့ ခုလို ပြုမူတာလား။

တန်ဖိုးမထားတာလား။ လွယ်တယ် ထင်တာလား။

မင်းသွင်ခန့်ညားက အတွေ့အကြုံမရှိသော လူရိုးကြီးပီပီ အချစ်တွေ မဖုံးနိုင်၊ မဖိနိုင်၊ ထွေးမရ၊ မျိုမရ ထိန်းချုပ်ခက်စွာ ပွင့်အန်ကျကုန်၏။ သူ့လုပ်ရပ်က မှားမှန်း သူ သိသည်။

ပြောင်ချောဆန်ဝန်းဒိုင်းကြဲအောင် ခုန်သော သူ့နှလုံးခုန်သံကို အုံညလွန်းစွာ ဝေမျှခံစားစေချင်စိတ်နှင့် လက်ကလေး ဖမ်းဆွဲမိ





တာမှ ထိုလက်ကလေးက တဖန် သူ့ကို သံလိုက်နှင့်ဆွဲသလို ထိမ်းစေပြီး ဓာတ်လိုက်ခံရသလို တုန်ခါစေသောအခါ သူ ဘာတွေ ဖြစ်သွားမှန်း မသိ။

တကယ်ဆို သူဟာ ချစ်စကား လွယ်လွယ်ဆိုတတ်သော ယောကျ်ားတစ်ယောက် မဟုတ်ရပါ။

ရဲတင်းသွက်လက်သော လူညာတစ်ယောက်လည်း မဟုတ်ပါ။ အချစ်ကို ပေါ့ပျက်ပျက် သဘောထားပြီး တွေ့ရာ မိန်းကလေးကို နီးစပ်အောင် ဖန်တီးယူတတ်သော အသည်းစားသီလူးလည်း မဟုတ်ပါ။

သို့သော် ရင့်အမြင်မှာ သူ့ကို ရိုင်းစိုင်း ရဲတင်းသူဟု တစ်ထစ်ချ ထင်သွားတော့မည်။

သူ အင်မတန် မှားသွားပါလား။

ဘယ်လို တောင်းပန်ရမလဲ။

ရင့်ရယ်...

အဲဒီလို မရည်ရွယ်ပါဘူး...။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ရမ်းကားတဲ့လူပဲ၊ ရှင့်အိမ် လာတယ်ဆိုပြီး လွယ်လွယ်လွယ်လွယ်လျှောက်တွတ် အထင်သေးတယ်"

"ဟာ ! လုံးဝ မဟုတ်ဘူး"

ပြင်းထန်သော စွပ်စွဲချက်ကို ခံနိုင်ရည် မရှိပါ။

"မဟုတ်ပါဘူး…ရှင့်ရယ်"

နှင်းဆီရဲရှင့် စိတ်ဆိုးမှာ စိုးရိမ်ပြီး ပခုံးနှစ်ဖက်ကို ဖျစ်ညှစ်ကာ ရှင်းပြဖို့ ကြိုးစားမိသောအခါ…

"ဟင်… ရှင် ဘာလုပ်တာလဲ၊ ဖယ်.."

မင်းသွင်ခန့်ညားး ကံမကောင်းပါ။

"ကဲဟယ်…"

ရှင်က သူ့ကို ဖျန်းကနဲ ရိုက်သည်။

ထူပူစွာနှင့် ရှက်လည်းရှက်၊ ခေါင်းလည်းကြီးသွား၏။

မထင်မှတ်ဘဲ အဲဒီလိုတွေ ဖြစ်ကုန်တာပါ။

သူ မျှော်လင့်တာက ချိုမြိန်မှု၊ သူ တောင့်တတာက ပျော်ရွှင်မှု။





သူ ရရှိလိုက်တာက ထိခိုက်ကြေကွဲမှု…ဆန့်ကျင်ဘက်။

"ဟွန့်"

နှင်းဆီရဲရှင့်က မျက်စောင်းရွယ်ပြီး လှည့်ထွက်သွား၏။

လာခဲ့မိတာ မဟာအမှား။

အသားလွတ်ကြီး စော်ကားချင်တာ။

"သိပ်ရိုင်းတဲ့လူပဲ၊ ယဉ်ကျေးမှု မရှိဘူး"

မင်းသွင်ခန့်ညားက နှင်းဆီရဲရှင့်ကို ငေးကြည့်ကာ ဘန့်ရစ်၏။

ဘယ်လိုမှ မတတ်နိုင်။

ချစ်နေမိတယ်လေ။

ချစ်နေတာကို ကိုယ် မထိန်းချုပ်တတ်ဘူး။

ချစ်မှ မချစ်ဘူးတာ။

အချစ်ကို ဘယ်လို သိုဝှက်ထိန်းကျောင်းပြီး ဘယ်လိုင်တွယ်ညွှန်ကြားရမယ်ဆိုတာ မသိ။

www.burmeseclassic.com

www.burmeseclassic.com



မသိတာ…။

ကိုယ့်အချစ်တွေက ပရမ်းပတာ ဖြစ်ကုန်တော့ ရင်

အထင်သေးကာ အမြင်စောင်းသွားပြီ။

ချစ်မိတာ မှားသလား ရင့်ရယ်။

သူ ခေါင်းငိုက်စိုက်နှင့် ကျန်ရစ်၏။

မျက်စိထဲ မြင်နေမိတာက သူ့ရှေ့မှာ ကျနေသေ

အသည်းပုံ ပူဖောင်းကလေးပါ။

ရင့်ဆီက လက်ဆောင်ရရှိသော ပစ္စည်း။

ရင့်…မင်း ဘာလို့ လှုပ်ခါနေတဲ့ နှလုံးသားကို ဝုန်း

ပြိုဆင်းသွားအောင် တွန်းအားပေးခဲ့သလဲ။

မင်း ဘာလို့ ရောက်လာခဲ့လဲ။

မင်း ဘာလို့ အကြင်နာမျက်ဝန်းတလက်လက်နဲ့ နှ

နွေးထွေးဟန် ပြခဲ့သလဲ။

မင်း ဘာလို့ အသည်းတစ်ခု လက်ဆောင်ပေးခဲ့သ

မင်းအပြုအမူ၊ မင်းအပြောအဆို၊ မင်းအကြည့် အားလုံး…အာ





အာ အချစ်တွေ ပြည့်လျှံနေတဲ့ နှလုံးသားကို ပရွက်အုံ တုတ်

ထိုးခံရသလို ဖြစ်သွားခဲ့တာ။

မင်း မမှားဘူးဆိုရင် ကိုယ် ညံ့တာပါပဲ။

ကိုယ်က အချစ်ရေးမှာ ကျွမ်းကျင်မှု နည်းပညာမှ မရှိဘဲ၊

အနုမှ မဆောင်တတ်ဘဲ။

ကိုယ့်ကို ခွင့်လွှတ်ပါကွာ။

✱



www.burmeseclassic.com

www.burmeseclassic.com



ရှေ့တည့်တည့်ကို ကြည့်ပြီး ...မ်းလျှောက်နေပေမယ့် သူ့နောက်မှာ လိုက်လာနေတာကို သိပြီးသားပါ။

သိပေမယ့် လှည့်မကြည့်ချင်။

သူက နှင်းဆီရဲရင့်ကို စကားမပြောရဲ၊ လာမခေါ်ရ... ခပ်လှမ်းလှမ်းကနေ ကိုတ်တဆိတ် ကြည့်နေတာ။ ရင့်ကို သ... လန့်သွားပြီလား။

သူက မြင်းကို စီးပြီး ဖြည်းဖြည်းချင်း လိုက်လာနေတာ...

ရင့်က မြင်း ကြောက်သည်။





မြင်းအနားပင် မကပ်ရဲ။

မြင်းဇက်ကြိုးကိုဆွဲပြီး ခတ်ပုံအရိုက်ခံရတာပင် ရင်တုန်...ချင်တာ။ သူ့ လာမခေါ်ရဲလည်း ကောင်းတာပါပဲ။

ရင့်လည်း သူနှင့် မခေါ်ချင်။

ရင့်က ညဖက်လွှတ်ဖို့ မီးပန်းတွေဝယ်တော့ သူက မြင်းကိုရပ်ပြီး စောင့်နေ၏။

မြင်းပေါ်က သူ့ပုံစံက တကယ့်ကောင်းဘွိုင်မင်းသားလို၊ ရှပ်အင်္ကျီအကွက်၊ ဘောင်းဘီရှည်နှင့် ဦးထုပ်လည်း ဆောင်းထား သည်။

အရမ်းကြည့်ကောင်းတာ ...သေချာပေမယ့် အဖက်မလုပ် ချင်။

အလကား...ရင့်ကို တန်ဖိုးမထားတဲ့သူ၊ မုန်းကို မုန်းတယ်။

ဖွတ်လာချော့ပြီး မရမက တောင်းပန်ဖို့ကျတော့လည်း သူနှင့် ရင့်က မရင်းနှီးသေးတော့ သူ ရှုံ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တွန့်ဆုတ်နေသည်။

ဇင်လယ်ပြင်ကြီးကို မျက်နှာမူကာ သဲပြင်ထဲ ရှင့် ထိုင်ချ မိ၏။

စိတ်ထဲမှာ ကြည်နူးလိုက်တာ။

လွတ်လပ်ပေါ့ပါးလိုက်တာ။

ကဲ…ရှင် ဘာဆက်လုပ်မလဲ။

သူက မြင်းကိုရပ်ပြီး မြင်းပေါ်မှာပဲ ထိုင်နေ၏။

မျက်နှာပြောင်ပြောင်နှင့် ဘယ်လောက်ထိအောင် ဆက် လိုက်နေမှာလဲ။

ကျွန်မကို မနှောင့်ယှက်ပါနဲ့ဟု အပြောခံရမှာ သူ ကြောက်နေပုံရသည်။

ဘယ်လိုပဲ အကဲခတ်ခတ် သူ့ပုံစံက ပကတိ ရိုးသား သည်။

သူက မြင်းပေါ်က ဆင်းပြီး ရှင့်လိုပဲ သဲပြင်မှာ ထိုင်၏။ ရှင့်တစ်ယောက်တည်း ထွက်လာချိန်ကို သူ စောင့်နေတာ၊ ရှင့်ဆ





…စ်ရက်မှာ တစ်ခါလောက် တစ်ယောက်တည်း ကမ်းခြေမှာ …မ်းလျှောက်သည်။

သူငယ်ချင်းတွေ တရုန်းရုန်းနှင့် တစ်ချိန်လုံး နေတတ်ပေ …ယ့် အခုလို တစ်ယောက်တည်း ထွက်လာရတာ တစ်မျိုးပျော်စရာ …ကောင်းသည်။ စိတ်ပေါ့ပါးစွာ တွေးချင်ရာ တွေးနေတတ်တာ။

သည်အချိန်ကလေးကိုပဲ သူက နောက်ကလိုက်လာလျက် …်လှမ်းလှမ်း လာနေကြည့်နေတတ်တာ။

မနက်ဖြန်ဆို ပြန်ကြတော့မည်။

သည်ညနေမှာ သည်ကမ်းခြေကို တစ်ဝ ကြည့်ထားဝါမှ …တ်တစ်ခေါက် လာဖို့ဆိုတာ ခြောက်လလောက် အနည်းဆုံး …ဦးမှာ။

နှင်းဆီရဲရင့်က သူ့ကို လှမ်းကြည့်မိ၏။

သူကလည်း ကြည့်နေပါသည်။

မျက်လုံးချင်း အကြာကြီး ဆုံမိ၏။

သူ့ကို ရယ်မြချင်သော နှုတ်ခမ်းတွေကို တင်းစေထားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ရယ်ပြီးမိလျှင် သူ့အနား ရောက်လာတော့မှာ၊ အနား
ရောက်လာလျှင် ဘာလုပ်ဦးမလဲ မသိ။ အပျော်လွန်ပြီး လက်မ
မခွဲဘူးမှာ မပြောနိုင်။ သူ့ကို ရင့် လန့်နေမိသည်။

ပင်လယ်ကြီးကို နှုတ်ဆက်သလို သူ့ကိုလည်း နှုတ်ဆ
မိပါသည်။ သည်က ပြန်သွားပြီးလျှင် ပြန်တွေ့ဖို့ မလွယ်။ ပြန်
ဖို့ မလွယ်။

သူ့မျက်လုံး၏ အဓိပ္ပာယ်ကို ရင့် နားလည်သည်။ သို့
မယ့် သည်လောက်မြန်မြန် ရင့် မယုံချင်၊ ရင့်နှလုံးသား
သည်လောက် တိမ်းညွတ်မလွယ်။

မျက်နှာကလေးလွှဲပြီး တစ်ဖက်လှည့်လိုက်၏။

ပြုံးပြမိလျှင် သူက အခွင့်ရပြီး ဖြုန်းကနဲ အနားရော
လာတော့မှာ။

အနားရောက်လာလျှင် ရင့် မကြားချင်သော စကားတ
ကို ပြောလာဦးမှာ။

ပြီးတော့...သူ ရင့်အပေါ် ပြုမူခဲ့တာ ရင့် ခွင့်မလွှတ်နိုင်



သူ့ကို မခေါ်ချင်၊ တကယ်ပါပဲ။

ဘာလို့ စိတ်နှစ်ခွ၊ ဒွိဟ ဖြစ်နေရတာလဲ။

ခေါ်လည်း ခေါ်ချင်သည်။ ခေါ်လည်း မခေါ်ချင်။

ဟင်း...။

ရင့် တစ်ခါမှ အခုလိုတွေ မဖြစ်ဘူးပါ။

စိတ်တွေက ယောက်ယက်ခတ်နေသည်။

နည်းနည်းကလေးမှ မတည်ငြိမ်။

"အစ်မ...ပုဇွန်ကင်"

"ဟင်"

"ရော့...ဟို အစ်ကိုကြီး ပေးခိုင်းတာ"

"မယူပါဘူး၊ ဘယ်သူက စားမယ်ပြောလို့လဲ၊ သူနဲ့
လည်း မသိပါဘူး၊ လာမနှောင့်ယှက်နဲ့"

"အစ်မလေးယူမှ ကျွန်တော် ရောင်းရမှာ"

"ဘယ်လို"

"အစ်မလေးယူရင် ဟိုအစ်ကိုက ပိုက်ဆံရှင်းပေးမယ်တဲ့"

www.burmeseclassic.com



"မေး…ဒါဆို အကုန်လုံး ယူမယ်"

ရင့်က ပုဇွန်ကင်တွေကို အကုန်လုံး ယူထားလိုက်ေ

သူ့ကို မုန်းသို့ပါ။

လိုက်နှောင့်ယှက်နေတာ ကြည့်လို့ကိုမရ။

စောစောက ခေါချင်စိတ်ကလေး လုံးဝ တိမ်မြုပ်သွားေ

★



ရန်ကုန်ပြန်အတွက် လက်ဆောင်ပစ္စည်းတွေ သွားဝယ်နေ

ာလည်း မထင်မှတ်သော အခြေအနေတစ်ခုကို ရုတ်တရက်

ိုင်ရသည်။

နှင်းဆီရဲရင့်တို့ ရောက်နေသော နေရာက ကမ်းခြေနှင့်

ံတန် ဝေးလို့သာ၊ ရုတ်တရက် လေတွေတိုက်ပြီး ရာသီဥတု

အုံ့မှိုင်းလာကာ ဘယ်လိုကြီးမှန်း မသိ။

လှတွေလည်း လှုပ်လှုပ်ရွရွနှင့် တစ်ခုခုဖြစ်တော့ သေချာ

သည်။ ကြောက်စိတ်က ရုတ်တရက် ရင်ထဲ ရောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့… ဘာဖြစ်တာလဲ မသိဘူး"

"အင်း… လူတွေ ပြေးကုန်ပြီ"

သူငယ်ချင်းတွေ တီးတိုးပြောကာ ဘာလုပ်ရမှန်းမ
ဖြစ်နေတုန်း ဘေးနားကို မင်းသွင်ခန့်ညား ရောက်လာ၏။ ဖြ
ကနဲ နှင်းဆီလက်ကို ဆွဲခေါ်သည်။

"ရှင့်… မြန်မြန်လာ"

"ဟင်"

"လာ… ပြေးရအောင်၊ ဒီထက် ပိုလုံခြုံတဲ့ နေရာ

"ရှင်"

"ရေလှိုင်းတက်လာပြီး အားလုံး ဖရိုဖရဲ ဖြစ်ကုန်ပြီ

"မာင်… ဟုတ်လား"

မင်းသွင်ခန့်ညားအသံက စိုးရိမ်တကြီး။

"ဘန်ဂလိုပြန်ပြီး အဝတ်အစားအိတ် ယူရမယ်"

"ဟာ… ဘာတွေပြောနေတာလဲ၊ လာ… မြန်မြ
ကမ်းခြေနဲ့ ဝေးအောင် ပြေးရအောင်"





မင်းသွင်ခန့်ညားက နှင်းဆီရဲရင့်ကို လက်ဆွဲပြေးသည်။

"ဘယ်အထိ ပြေးမှာလဲ"

"မသိဘူး"

"ဘာတွေ ဖြစ်ကုန်တာလဲဟင်"

"သေချာမသိသေးဘူး၊ သွားကြည့်လို့လည်း မရဘူး၊
ရှင့် မကြောက်ပါနဲ့၊ ဒီနေရာနဲ့ ဝေးပါတယ်"

ကြောက်ကြောက်နှင့် ခြေဦးတည့်ရာ ပြေးလာလိုက်တာ
တော်တော်ဝေးဝေးကို ရောက်သွားသည်။

စောစောကပဲ လျှောင်လှုပ်၍ ရင်တုန်မပြယ်နိုင်သေး။

"လာ…ဒီရှေ့က တဲအိမ်ကလေးမှာ ဝင်နေရအောင်"

"အင်း"

တဲအိမ်ကလေးက လူနေပုံရပေမယ့် လောလောဆယ်
လူ မတွေ့၊ ဘယ်ရောက်နေကြလည်း မသိပါ။

"ကောင်းလိုက်တာ… ဒီနေရာလေးက စိတ်ကူးယဉ်စရာ
ခန်းသီးစကလေးတွေ တလှုပ်လှုပ်နဲ့ ရှုခင်း အရမ်းကောင်းတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေးထဲ ဝင်လိုက်တော့ နွေးသွားတာပဲ၊ ဟိုမှာ မြင်းဇောင်း မြင်းတစ်ကောင် ရှိတယ် တွေ့လား၊ မင်း ဘာမှ မစိုးရိမ်နဲ့ ဒီနေ့တော့ ဒီမှာပဲ နေကြတာပေါ့၊ ဒီထက်ကောင်းတဲ့နေရာ ရှာ မတွေ့နိုင်ဘူး ဒါ အကောင်းဆုံးနေရာပဲ၊ မင်း ဒီမှာနေ… ကိုယ် မြင်းဇောင်းထဲ သွားနေရမလား"

"ရပါတယ်"

တစ်ယောက်တစ်နေရာစီ ထိုင်ကာ တိတ်ဆိတ်နေ၏။

ဘာလို့ သည်လိုဖြစ်ရတာလဲ။

တော်တော်ကလေး ကြာသွားတော့ မင်းသွင်က စားစရာ ထရှာသည်။

"ဘာမှ မရှိဘူး၊ တစ်ခုခု သွားဝယ်မယ်"

"ကျွန်မ လိုက်မယ်"

လောလောဆယ် သူ့ပဲ ရှိတာ၊ သူငယ်ချင်းတွေနှင့် ခွဲပြီး သူ ခေါ်လာပြေးလိုက်လာမိတာ အခက်ခဲကြုံတော့ သူ့ကို အားကိုး မိတာ ရှုတ်တရက် နားလည်လာ၏။





"ခဏလေးပါ"

"ကျွန်မ မနေရဲဘူး… လိုက်မယ်"

"ဒါဆို ဒီမှာပဲ ဆက်ရှာရအောင်၊ ဘာရှိမလဲလို့"

သူက နှံ့နှံ့စပ်စပ် ရှာသည်။

တွေ့တာက ကြက်ဥ။

ပြီးတော့ ပေါင်မုန့်ခြောက်။

"စားလေ"

"ကျွန်မ မဆာဘူး"

"ကောင်းပြီလေ"

မင်းသွင်က တစ်ယောက်တည်း စားနေပြီးမှ…

"စားပါ… နောက်ပြီး ဆာလာရင် ခက်မယ်"

"မဆာပါဘူးလို့ ပြောပြီးပြီပဲ"

"လာပါ… စားပါ၊ ကျွန်တော့်ကြည့်ဥပြုတ် လာစား ကြည့်၊ အံ့သြသွားမယ်"

"မစားချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခင်းသွင်ခန့်ညားက ဘီယာဗူးတွေတော့ ဝမ်းသာသွားပြီး ဖွင့်သောက်၏။

"ဖွန့်"

"ဘာဖြစ်လို့လဲ"

"မိန်းကလေးတစ်ယောက်ရှေ့မှာ ရှင် ဆင်ခြင်သ[illegible]တယ်"

"မင်း သောက်မလား"

"မသောက်ပါဘူးရှင်၊ အတင့်ရဲပြီး အနှားကပ်မလာ[illegible] ဘာမှတ်လို့လဲ"

"ကောင်းပြီလေ…မစားမသောက်ဘဲ မင်း နေနိုင်ရင်[illegible] ကိုယ်တော့ မနေဘူး"

"ကျွန်မတို့ ပြန်ကြရအောင်"

"ခက်ပါလား…လှောလောဆယ် ဘယ်သွားပြီး ဘာလု[illegible] ရမှန်း မသိသေးဘူး၊ ကလေးမဆန်ချင်စမ်းပါနဲ့၊ ဒီမှာ ခဏနေ[illegible] ဘယ်လောက် အန္တရာယ်ကင်းသလဲ၊ မင်း မသိဘူး"





နှင်းဆီရဲရင့်က ပင့်သက်ရှိုက်သည်။

သူငယ်ချင်းတွေ သူမကို ရှာနေကြမလား.

ဘယ်ရောက်ကုန်ကြပြီလဲ။

ရင့် ဘာဆက်လုပ်ရမလဲ။

ထိုနေ့က ညအထိ သူမတို့ ထိုအိမ်ကလေးထဲမှာပဲ ရှိခဲ့ကြသည်။

ည ညဉ့်နက်သည်အထိ ဘယ်သူမှ ရောက်မလာ။

အရမ်း ဗိုက်ဆာလာတော့ သူ ဖြုတ်ပေးထားသော ဘြတ်ဥကို စားသည်။

ပေါင်မုန့်ကြွပ်ကို မကြိုက်ပေမယ့် စားရသည်။

နောက်တော့ သူမ အိပ်ပျော်သွား၏။

သူက မလှမ်းမကမ်းမှာ မီးပုံလေး မွေးထားပေးတော့ [illegible]ပြီး ခြင်လည်း မကိုက်။

www.burmeseclassic.com

မနက်မိုးစင်စင်လင်းမှ နှင်းဆီရဲရင့် နိုးလာခဲ့၏။ သူမ

နိုးလာတော့ လန့်ဖျန့်ပြီး ထထိုင်မိသည်။

ခြုံပေးထားသော စောင်ကို ဆွဲခွာဖယ်ပစ်ကာ ရင်ထဲမှာ

ဘဝင်မကျ။

ဟိုလူ ဘယ်ရောက်သွားပြီလဲ။

ခေါင်းအုံးနှင့် စောင်နှင့် ကျကျနနဖြစ်နေတော့ ရင်အနား

ကို သူ ကပ်လာတာ သေချာပါသည်။

ပြီးတော့ သူက ဘီယာတွေ သောက်ထားတာ။

နှင်းဆီရဲရင့် ဆတ်ကနဲ တုန်သွား၏။

ညက ဘာတွေဖြစ်ခဲ့ပါလိမ့်။

"Good Morning Baby မနက်ခင်း အိပ်ရာထတော့

င်းက ပိုလှနေသလိုပဲ"

မင်းသွင်ခန့်ညား အနားရောက်လာပြီး ဆို၏။

"ဒီစောင် ရှင်ခြုံပေးတာလား"

"ရက်စ်"

"ညက…ညတုန်းက"

"မနေ့ညက ကျွန်တော်နဲ့ အတူတူပဲလေ"

"ဘာတွေဖြစ်ခဲ့သေးလဲ ဟင်"

မျက်လုံးကလေး ပြူးကာ မေးမိ၏။

"ဒါလား…ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်တော်လည်း မထင်

ခွင့်လွှတ်ပါ"

"ရှင် ကျွန်မကို အမှန်အတိုင်း ပြောစမ်းပါ၊ မနေ့ညက

တွေဖြစ်ခဲ့လဲ၊ ကျွန်မ ဘာမှ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီမေးခွန်းကို ဘယ်လိုဖြေရမလဲ"

သူ့စကားကြောင့် ရင်တွေ တဆတ်ဆတ် တုန်လာ၏။

တကယ်ပဲ…သူနဲ့…

အိုး…ဟုတ်ပါ့မလား။

"ဒီမှာ ကျွန်တော့်မျက်လုံးတွေကို ကြည့်…"

ရင့်နှင့် မင်းသွင် မျက်လုံးချင်း ဆုံမိ၏။

"မဖြစ်နိုင်ဘူး…လုံးဝ မဖြစ်နိုင်ဘူး"

"ဖြစ်နိုင်ပါတယ်၊ ဒါ ဘယ်သူ တားလို့ရမလဲ"

"ရှင် ညာနေတာ၊ ညာပြောနေတာ မဟုတ်လား"

"ကျွန်တော် မညာတတ်ဘူး"

"ညာနေတာလို့ ပြောစမ်းပါ"

"ထားလိုက်ပါတော့၊ ကျွန်တော် လိမ်နေတာပါ"

နှင်းဆီရဲရင့်က အင့်ကနဲ ရှိုက်ငိုသည်။

သူ အမှတ်တမဲ့မို့ လန့်သွား၏။

"ဟာ…မငိုပါနဲ့၊ ကျွန်တော် စ,တာပါ၊ ကျွန်တော်တို့





ဘာမှ မဖြစ်ခဲ့ပါဘူး၊ ကျွန်တော့်ကို အဲဒီလောက် အထင်မသေးပါ နဲ့ဗျာ၊ ကျွန်တော် ဒီလိုလူစား မဟုတ်ဘူး"

"ဟုတ်လို့လား"

"ဟုတ်ပါတယ်"

ယုံရခက်ခက် မျက်လုံးများနှင့် ရင့်က သူ့ကို စိုက်ကြည့် သာ၏။

"ညက ကျွန်တော် ဟိုကောင်ကြီးနဲ့ သွားအိပ်တာ"

"ဟုတ်လို့လား…ရှင် ပြန်လျှောချနေတာလား"

"မဟုတ်ပါဘူး…နားထောင်၊ ရင့် အိပ်ပျော်သွားတော့ ဒီအိမ်ပိုင်ရှင် အဘွားကြီးနဲ့ သူ့သား ပြန်ရောက်လာတယ်၊ မင်း ဒီမှာ ရှိနေတာနဲ့ အဘွားကြီးက သူ့သားနဲ့ ကိုယ့်ကို မြင်းဇောင်းမှာ သွားအိပ်ခိုင်းတာ"

"ဟင်"

"ဒီဇောင်တွေ…ဒီခေါင်းအုံးတွေက အဘွားကြီး မင်းကို ပြုပေးတာ ဖြစ်မှာပါကွာ၊ မယုံရင် မေးကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား"

"တကယ်ပေါ့"

"နောင်ဆို ရှင် ဒါမျိုး မနောက်နဲ့နော်၊ ကျွန်မ ဘာလုပ်မိ သလဲ ရှင် မသိဘူး"

"ကတိပေးပါတယ်၊ နောက်ဆို ဒီလို မစ,တော့ဘူး"

အခုမှပဲ နှင်းဆီရဲရင့်က ငိုမဲ့မဲ့နှင့် ပြုံးလာ၏။

"သမီးလေး နိုးပြီလား"

အသွားအိုက အင်မတန် သဘောကောင်း ရိုးသားလှသည်။

"ဟုတ်ကဲ့ အသွား"

"ကောက်ညှင်းပေါင်း စားရအောင် ပူပူကလေး"

"ဟုတ်ကဲ့"

နှင်းဆီရဲရင့်က ခေါင်းညိတ်မိ၏။

"ရှင့်"

"ဟင်"

"ကျွန်တော်တို့ အမြန်ဆုံး ပြန်ကြရအောင်"



"ဘာလို့လဲဟင်"

"လူကြီးတွေ စိတ်ပူနေလောက်ပြီ"

ဟုတ်ပါရဲ့...အိမ်ကို ဖုန်းအမြန်ဆုံး ဆက်ရမှာ။

"ကျွန်မ ဖုန်းဆက်ချင်တယ်"

"ပုသိမ်ရောက်မှပဲ ဆက်တာပေါ့"

"ကျွန်မ သူငယ်ချင်းတွေရော"

"မသိဘူး...ရှင့် ကျွန်တော်နဲ့ လိုက်ခဲ့လေ၊ ရှင့်ကို ရန်ကုန် ရောက်အောင် ပို့ပေးမယ်"

နှင်းဆီရဲရင့်က ပင့်သက်ရှိုက်သည်။

တော်သေးတာက ပိုက်ဆံအိတ်ပါလာလို့...။

"ကျွန်တော် စီစဉ်စရာရှိတာ သွားစီစဉ်ပြီး ပြန်လာမယ်"

"ကျွန်မ ဒီမှာ နေခဲ့ရမှာလား"

"ဒီမှာပဲ ခဏနေခဲ့ပါ၊ အသွားရှိတာပဲ"

မင်းသွင်ခန့်ညားက နှင်းဆီရဲရင့်ကို ဖေးမလိုက်၏။

"အင်းလေ...ပြီးရော၊ မြန်မြန်လာခဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com



အရေးကြုံလာတော့မှ သူ့အပေါ် အားကိုးယုံကြည်ပြီးတော့ သူ့သိက္ခာ အဲဒါတွေအားလုံး သိလာရသည်။

သူက ယောကျ်ားကောင်းတစ်ယောက်ပါပဲ။

ရင့် ရုတ်တရက် ဆုံးဖြတ်မိတာက သူကသာ ချစ်ခွင့်ဖ ခဲ့လျှင် ချက်ချင်း လက်ခံခေါင်းညိတ်လိုက်တော့မည်။

သူ့ကို ရင့် ရွေးချယ်ချင်သည်။



၁၉

ကားလက်မှတ် ရပြီးသောအခါ နှင်းဆီရဲရင့်က ဘုရား သွားဖို့ ဆိုလာ၏။

"မင်း ဘာစားချင်လဲ"

"တစ်ခုခု ဝယ်သွားမယ်၊ ကားပေါ်ရောက်မှ စားတာပေါ့ ... မ ဘုရားဖူးချင်တယ်"

"သဘောပဲ"

နှင်းဆီရဲရင့် ဘုရားထဲ ဝင်သွားတော့ သူလည်း လိုက် ... ခဲ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ"

"ရတယ်...သွားပါ၊ မင်း အေးအေးဆေးဆေး ရှိခိုး

ကျွန်တော် စောင့်နေမယ်"

နှင်းဆီရဲရင့်က ဘုရားရှိခိုးသည်။

ဆုတောင်းသည်။

ဘေးအန္တရာယ်က လွတ်ခဲ့တာ မဟုတ်လား။

ပြီးတော့ စစ်မှန်သော ဖူးစာရှင်ကိုလည်း ရှာတွေ့ခဲ့ပြ

သူ့ကို ဘာကြောင့်မှ ဘယ်တော့မှ လက်မလွှတ်ချင်။

သူနှင့် ရာသက်လုံး ပေါင်းဖက်သွားချင်သည်။

ထိုဆုကိုလည်း တောင်းမိသည်။

ဘုရားရှိခိုးပြီးတော့ သူ့ဆီ လျှောက်သွားမိသည်။

"သွားတော့မလားဟင်"

"ကော်ဖီသွားသောက်ရအောင်၊ ပြီးမှ သွားတာပေါ့၊

ဘာဆုတောင်းလဲ"

မင်းသွင်ခန့်ညား မေးလာတော့ ရင် ပြုံးမိ၏။





မဖြေချင်၊ အမှန်အတိုင်း ဖြေရမှာ ရှက်စရာ။

"ပြောမပြဘူး"

"မင်းဆုတောင်း ပြည့်ပါစေဗျာ"

"စိတ်ထားဖြူဖြူစင်စင်နဲ့တောင်းရင် ဘာမဆို ပြည့်တယ်

...ခဲ့လား"

"ယုတ်တာပေါ့၊ မင်း ခဏစောင့်"

"ဘာဖြစ်တာလဲ"

"ခဏလေးပါ"

မင်းသွင်ခန့်ညားက ဘုရားရှေ့ ရောက်သွား၏။

"ကျွန်တော် တစ်ခါမှ ဘာဆုမှ မတောင်းဖူးဘူး၊ ဒါပေ

...ည့် ဒီတစ်ခါတော့ ဆုတောင်းချင်ပါတယ်၊ ရင့်တောင်းတဲ့ဆု

...ည့်ပါစေလို့၊ သူက သိပ်ဖြူစင်ပြီး ချစ်စရာကောင်းတယ်၊ အပြစ်

...င်းတယ်၊ အေးချမ်းတယ်"

မင်းသွင်ခန့်ညားက လေးလေးနက်နက် ဆုတောင်း



www.burmeseclassic.com

www.burmeseclassic.com



"သူ တောင်းတာကို ပေးလိုက်ပါ ဘုရား"

နှင်းဆီရဲရင့်က မင်းသွင်ခန့်ညားကို မေး၏။

"ရှင် အခုမှ ဘုရားသွားရှိခိုးတာလား"

"ဟုတ်တယ်"

"ဟင်… ခုနတုန်းကတော့ ရပ်နေပြီး"

သူက ဖွဖွပြုံးသည်။

ဘာမှ ပြန်မဖြေရှင်း။



"အိမ်မှာ ကော်ဖီဖျော်ရင် မေမေက သကြား ဇွန်း

ဝက်၊ နွားနို့တစ်ဇွန်းနဲ့ နို့မှုန့်နည်းနည်း ထည့်တယ်၊ ခါးစိမ့်ပြီး

မ်းသောက်လို့ ကောင်းတယ်"

"ဟုတ်တယ်"

"တစ်နေ့ကြုံခဲ့ရင် မေမေ့လက်ရာကော်ဖီ မင်း သောက်ရ

ပါ။ မပူပါနဲ့"

"ကျွန်မ သောက်ချင်ပါတယ်"

"လျှာပေါ်မှာ စွဲသွားမှာကွ"



www.burmeseclassic.com

www.burmeseclassic.com



"ညွှန်းလိုက်တာ"

"မယုံရင် မင်း လိုက်ခဲ့လေ"

"ရှင်ပြောသလိုပဲ ကြုံတဲ့နေ့"

"အဲဒီတစ်နေ့ တကယ်ရှိလာမှာလား"

"မသိဘူးလေ"

နှင်းဆီရဲရင့်က မျက်နှာလေး နီရဲကာ မပွင့်တပွင့် ဆို...

"အဘွားပြောတာ အရမ်းမှန်တယ်"

"ရှင်"

"ဟိုအိမ်ကလေးက အဘွားညီလေ၊ မင်း အိပ်ပျော်...
တာကို ကြည့်ပြီး နှင်းဆီပန်းလေးတစ်ပွင့်လိုပဲ နုဖတ်လန်းဆ...
လိုက်တာတဲ့"

"အိုး…ဟုတ်လား"

သူမ ကျေနပ်စွာ ရယ်၏။ မိန်းကလေးတစ်ယောက်...
ရယ်သံချိုချိုက သူ့ကို ဤမျှလောက်အထိ ဖမ်းစားနိုင်သည်...

သူ ငေးငေးကြီး ကြည့်ကာ သတိလက်လွတ်ပါပဲ။





"ရှင့်ဆီ ကျွန်မ ဖုန်းဆက်မယ်၊ စာရေးမယ်"

"ကျွန်တော့်ဖေဖေက စည်းကမ်းကြီးတယ်"

"ဟုတ်လား"

"မေမေကတော့ ခင်ဗျားအသံကြားရင် ကျွန်တော့်ကို
...တ်မချဖြစ်တော့မှာပဲ"

"သွား…ရှင်က ရွတ်နောက်နောက်နဲ့"

ရှင်က သူ့ကို မေးလိုက်၏။

"ရှင် စကားကို တည်တည်တံ့တံ့ ပြောဖူးရဲ့လား"

"အခုထိတော့ မပြောဖူးသေးဘူး၊ ရှိချင်လည်း ရှိလာမှာ
...ပါ၊ ဘာလို့လဲ"

"ဘယ်တော့ရှိလာမှာလဲ"

"တစ်ယောက်လောက်ကို တကယ်မြတ်နိုးမိခဲ့ရင်"

"ရှင် ဘယ်သူ့ကိုမှ မမြတ်နိုးသေးဘူးလား"

"ဟုတ်တယ်"

"ရှင်က ဘယ်လိုကောင်မလေးကို မြတ်နိုးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက သိချင်လို့လား"

"အင်း…သိချင်တာပေါ့"

မင်းသွင်ခန့်သားက နှင်းဆီရဲရင့်ကို စိုက်ကြည့်၏။ ရင့်ဏ မျက်လွှာ မသိမသာ ချသည်။

သူ့မျက်လုံးတွေနှင့် ကြာကြာ ရင်မဆိုင်ရဲပါ။

"သူ့ကို မြင်လိုက်တာနဲ့ ကိုယ့်နှလုံးသားက တောင်း လာတယ်၊ အိပ်မက်တွေအားလုံး နိုးလာစေချင်တယ်"

သူက ရင့်ကို အိပ်မက်မက်ဖူးတာ ပြောပြဖူးသည်။

"ဟိုး…မိုးတိမ်တွေနောက်မှာ အသံတစ်သံ ကြားဖေ တယ်၊ တစ်ခါမှ မမြင်ဘူးတဲ့ မျက်နှာကလေးကို မိုးတိမ်တွေ ကာထားတော့ မိုးတိမ်တွေ ဘယ်တော့မှ လွင့်ပါ့မလဲ၊ အဲဒီ ခံစားမှုမျိုး ဖြစ်ဖူးလား"

"ဟင့်အင်း"

"မင်း အိပ်မက်ထဲမှာ လူစိမ်းတစ်ယောက်ကို မြင်မက် လား၊ ဖြစ်ဖူးလား"





"ဟင့်အင်း"

"ကျွန်တော့်အိပ်မက်ထဲကို ကောင်မလေးတစ်ယောက် ဝင်လာဖူးတယ်၊ တကယ်ပါ"

နှင်းဆီရဲရင့်က နှုတ်ခမ်းလေးတွေ စေ့ကာ ပြုံးလိုက်

"တကယ်ဆို သူစိမ်းကောင်မလေးတစ်ယောက် ဝင်လာ နေရာလွတ် ကျွန်တော့်မှာ မရှိဘူး"

"ဘယ်လို"

"ကျွန်တော်က စေ့စပ်ပြီးသား"

"စေ့စပ်ထားပြီးသား ဟုတ်လား"

"ဟုတ်ပါတယ်"

"ဘယ်ကလဲ…ဘယ်သူလဲဟင်"

"ရန်ကုန်ကပဲ"

"ချောရဲ့လား"

"မသိဘူး…မတွေ့ဖူးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"လက်ထပ်မယ့် မိန်းကလေးကို မတွေ့ဖူးဘူး ဟုတ်လား

ဟင်း…ဟင်း… ရယ်ရတယ်နော်"

"လိုမှ မလိုတာ၊ အဖေ့သူငယ်ချင်းရဲ့သမီး၊ အဖေ

သဘောတူရင် ပြီးတာပဲ"

"ကိုယ်နဲ့ တစ်ခါမှ မတွေ့ဘူးတဲ့ သူနဲ့ တစ်သက်တ

လက်တွဲသွားမယ် ဟုတ်လား"

"မတတ်နိုင်ဘူးလေ"

"ဟင်… သူစိမ်းသက်သက်ကြီးကို ဘယ်လို လက်

မှာလဲ"

"ကျွန်တော့်အဖေက အဲဒီလိုပဲ"

"ရှင့်အဖေနဲ့ ပေါင်းရမှာ မဟုတ်ဘူးလေ"

"ဒါတော့ ဒါပေါ့"

"ရှင်က နားလည်ရ ခက်သားပဲနော်"

နှင်းဆီရဲရင့်က သူ့စကားတွေကို ဘဝင်မကျ။

မိဘစကားဆို အားလုံး နားထောင်လိုက်လျှောတတ်သူလ





စနိုးစနောင့် ဖြစ်ရကာ မျက်နှာ တစ်ဖက်လွှဲနေမိ၏။

မိန်းကလေးတန်မဲ့ ရေလာမြောင်းပေးလည်း မလုပ်ချင်။

သူက သူ့မှာ ဆိုင်သူရှိနှင့်ပြီးသားဆိုတာကို မြောင်ကြီး

နှင့်ချပြောရက်သည်။

တော်တော်ဆိုးတဲ့သူ။

အောင့်သက်သက်နှင့် ခံရခက်လှသည်။

အစတုန်းကတော့ သူပဲ ကြိုက်သလို ဘာလိုလို။

အခုတော့လည်း တစ်မျိုးပါလား…

ယောကျ်ားမာယာဆိုတာ အဲဒါမျိုးလား။

"ရှင်"

မင်းသွင်ခန့်သားက ဝယ်လာသော ခေါက်ဆွဲကြော်ဗူးကို

နှင်တာ ပေးလာ၏။

အတော်ပါပဲ…

သူနှင့်လည်း ဆက်ပြီး စကားမပြောချင်။

သူက မစားသေးဘဲ ရင့်ကို စိုက်ကြည့် ငြိမ်သက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ… ဘာဖြစ်လို့ ဒီလောက် စိုက်ကြည့်
ရတာလဲ"

"ပြောစရာရှိလို့"

"ပြောပေါ့"

"ကျွန်တော် ရှင့်ကို ချစ်တယ်"

"ဟင်"

"ဟား…ဟား…ဟား… ကျွန်တော့်အကြောင်း သိ
ပြီပဲ၊ နောက်တတ်တယ်ဆိုတာ"

"ရှင် ဘယ်လိုလူလဲ"

"အချစ်ဆိုတာ ကျွန်တော် နားမလည်တော့ဘူး၊ အချစ်
အချစ်ရဲ့ တာဝန်ဝတ္တရား ရှိတယ်၊ တာဝန်ဝတ္တရားမဲ့တဲ့အချစ်
အချစ်မဖြစ်နိုင်ဘူး"

သူက လေးလေးနက်နက် ပြောပေမယ့် ရှင့် နားမလည်
သူဟာ သတ္တိနည်းသူလား၊ တွေဝေသူလား။

"ရှင့်"





"ဟင်"

"မင်းသားတစ်ယောက်ယောက်ကို စိတ်ကူးယဉ်ဖူး
လား"

ဘယ်လိုမေးခွန်းတွေ မေးနေပါလိမ့်။

ဘယ်ကောင်မလေးက ဝန်ခံမှာမို့လို့လဲ။

"ကဲပါ…ဒီခရီးမှာ တွေ့တဲ့ လူတစ်ယောက်ကို ချစ်
တယ်လို့ စဉ်းစားကြည့်၊ ဥပမာဆိုပါတော့… မင်းက ကိုယ့်ကို
ချစ်တယ်၊ ကိုယ်ကလည်း မင်းကို ချစ်တယ်၊ ဒါဆို ဘာလုပ်မလဲ၊
လက်ထပ်ဖို့ စဉ်းစားမှာလား…သတ္တိရှိမှာလား… ဘာလုပ်မလဲ"

"အဲဒါ ရှင် စဉ်းစားရမှာ"

"စေ့စပ်ပြီးသား ယောကျ်ားတစ်ယောက်က ခင်ဗျားကို
ခိုးပြေးမယ်ဆိုရင် ခင်ဗျား ခိုးရာလိုက်ရဲလား"

"ခိုးရာလိုက်စရာလား"

"မခိုးရင် လူကြီးမိဘတွေက ဘယ်သဘောတူမလဲ၊
သူတို့စီစဉ်တာပဲ လက်ခံခိုင်းမှာ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရဲရင့်က သူ့ကို ကြည့်ပြီး စကားကို အနိုင်ပိုင်းကာ ဖြတ်ချလိုက်၏။

"အဓိပ္ပာယ်မရှိတာတွေ ခေါင်းရှုပ်ခံပြီး မစဉ်းစားနိုင်ပေါင်၊ ခေါက်ဆွဲကြော် အရမ်းစားကောင်းတယ် စားလေ"

မင်းသွင်က မျက်နှာပျက်သွား၏။

စကားမဆိုတော့ဘဲ ငြိမ်ကျသွား၏။

ချစ်ရင် ချစ်တယ် ရှင်းရှင်းပြောပါလား။

ဟွန့်…။ မုန့်ဖိုကို ကောင်းလွန်းတယ်။

တော်ပါပြီ။

မဆွတ်ခင်ကလည်း မညွှတ်တော့ဘူး။

ရေလာမြောင်းပေးလည်း မလုပ်တော့ဘူး။

ရှင်…သိရဲ့လား။

မိန်းကလေးတို့ကူမြွေ ရွေးပေးလို့ မရတဲ့။





သူ့ပခုံးပေါ် ခေါင်းလေးမှေးမှီကာ အိပ်ပျော်နေသော ရင့်ကို သူ ရင်ခုန်မြတ်နိုးလွန်းစွာ မလှုပ်မယှက် နေမိ၏။

ရင့်နိုးသွားမှာ စိုးလို့ပါ။

နှင်းဆီရဲရင့်၏ လက်ကလေးတစ်ဖက်က သူ့ကိုယ်ပေါ် ကျရောက်လာသည်။

စကားပြောရင်း ရင့် အိပ်ပျော်သွားတာ။

မင်းသွင်ခန့်ညားက ရင့်လက်ကလေးကို မရဲတရဲ ဖိထားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်ကားပေါ်က ဆင်းရင် ဝေးရတော့မှာ...။

သူက အဖေ့ဆန္ဒကို မလွန်ဆန်ရဲ၊ မလွန်ဆန်ချင်။

ရင့်ရယ်...

ကျွန်တော် ခင်ဗျားကို ဒုက္ခမပေးချင်ပါဘူး။

ကျွန်တော့်ရင်ထဲက ဆန္ဒက ခင်ဗျားကို ဒုက္ခရောက်စေမယ်၊ ပင်ပန်းစေမယ်ဆိုရင် ကျွန်တော် ဖွင့်မပြောဘဲ မျိုသိပ်ကြိတ်မှိတ်နေပါ့မယ်...

ခင်ဗျားဘဝလေး မနစ်မွန်းစေချင်ဘူး။

ဘဝကို ခဲခဲယဉ်းယဉ်း ရင်ဆိုင်ပြတ်သားဖို့ ကျွန်တော့်ဘက်က သတ္တိရှိတယ်ပဲထား။

ခင်ဗျားဘက်က အဆင်ပြေပါ့မလား။

ခင်ဗျားက နူးညံ့ဖြူစင်တဲ့ မိန်းကလေးပါ။

စိတ်ညစ်ရင် ခင်ဗျား ငိုမှာ။

ခင်ဗျား ငိုအောင် ကျွန်တော် မလုပ်ချင်ဘူး။ မလုပ်ရက်ဘူး။





အချစ်ဆိုတာ ရင်ဘတ်ထဲမှာလည်း သိုသိပ်ဖိချထားလို့ ရနိုင်တယ် မဟုတ်လား။

မင်းသွင်ခန့်သား စိတ်တောင်းထားမိ၏။

နှင်းဆီရဲရင့်၏ ဆံပင်နုနုကလေးတွေက သူ့မေးစေ့အထိ လွင့်လာ၏။

သူ စိတ်လှုပ်ရှားနေမိ၏။

သူ့စိတ်ကို ကလူကျီစယ်နေသလိုပါ။

✵



www.burmeseclassic.com

www.burmeseclassic.com



၁၆

တကယ်တမ်း လမ်းခွဲနှုတ်ဆက်ပြီး ခြေလှမ်းစသောအခါ

သူ ဘယ်လိုမှ ခံနိုင်ရည် မရှိတာ သိလာ၏။

တုန်လှုပ်မှုက ရင်ဘတ်ကြီးထဲမှာ ဘောင်ဘင်ခတ်ထ

ပြည့်လျှံကျလာ၏။

ရုတ်တရက် သိလိုက်တာက ထိုအခွင့်အရေးမျိုး နောင

တစ်ခါ သူ ရနိုင်ပါ့မလားဆိုတာ။

သူ့ဘ၀မှာ သူမြတ်နိုးသော မိန်းကလေးကို ချစ်တယ်

ရဲရင့်ပြတ်သားစွာ ပြောဖူးချင်သည်။





ပြောပြီးမှရော လမ်းခွဲလို့ မရဘူးလား။

သူ အဲဒီလို တွေးမိပေမယ့် တကယ့်တကယ် ပြောပြီးချိန်မှာ လုံး၀ လမ်းခွဲဖို့ မဖြစ်နိုင်တော့တာကို သူ မသိသေး၊ အချစ်မှော်ဆရာ၏ နက်ရှိုင်းသော ပဥ္စလက်ကို သူ မမြည်းစမ်းရသေးလို့ပါ။

အခုအနေအထားမှာတောင် သူ့ဘက်က မခွဲနိုင် မခွာရက် တွယ်ကပ်နေမိသေးတာ။

ချစ်တယ်ဆိုတာ ကြေညာဖွင့်ဟ ဝန်ခံပြီးလျှင် ချစ်သူလေးကို လက်လွှတ်နိုင်ပါ့မလား။

သူသည် သူ့ကိုယ်သူ အထင်ကြီးလွန်းသည်။

“ရင့်”

ကျောခိုင်းထွက်ခွာပြီး ခုနစ်လှမ်း ခြောက်လှမ်းမှာ သူ လှည့်ကြည့်ကာ ပြန်ခေါ်မိသည်။

နှင်းဆီရဲရင့်ဆီ ပြန်လျှောက်သွားမိသည်။

“ရင့်ကို ကျွန်တော် ချစ်တယ်”

သတ္တိရှိစွာ၊ ပြတ်သားစွာ၊ ပွင့်လင်းစွာ ဝန်ခံဖွင့်ဟပြီးခိုက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ခွင်မှာ အလွန်အင်မတန် အေးမြသော လေပြေတစ်ချက် ဖြတ်တိုက်သွား၏။

ပေါ့ပါးလတ်ဆတ် ရွှင်ပြခြင်းက ရင်တစ်ခုလုံး ခါရမ်း လိုက်လှုပ်နွေးထွေးစေသည်။

ဒါဟာ အချစ်လား။

နှင်းဆီရဲရင့်က တအံ့တဩလေး ဖြစ်သွားပြီးမှ မခို့တ[illegible] ပြုံးသည်။

ထိုအပြုံးလောက် ပြီးပြည့်စုံသော အပြုံးမျိုး သူ မမြ[illegible] ဘူးပါလား။

လှလိုက်တာ နှင်းဆီရဲရင့်ရယ်…

"ကျွန်တော့်ကို ချစ်လား"

ချက်ချင်းပဲ ခေါင်းရမ်းပြသည်။

ရင့်က ခေါင်းခါလိုက်တာပါ။

သူ့မျက်စိထဲမှာ ခေါင်းညိတ်လိုက်သည်ပဲ ထင်မိ[illegible] ဆန့်ကျင်ဘက်အမြင်။





ဒါဟာ အချစ်၏ ထွင်းဖောက်သိမြင်မှု စွမ်းရည်တစ်ရပ်

ရင့်လည်း သူ့ကို ချစ်မှာပါ။

လွန်လွန်ကဲကဲ ယုံကြည်နေသည်။

သူ့နှလုံးသားက ချစ်တာပဲ မဟုတ်လား။

"ရင့်ရယ်…ကျွန်တော် မခွဲနိုင်ဘူး"

"စေ့စပ်ပြီးသားကြီးကို ကျွန်မက လက်ခံစရာလား ပြောပါဦး…ဟွန့်"

"ဒါလည်း ဟုတ်ပါတယ်"

သူ စိတ်ဓာတ်ကျဆင်းစွာနှင့် ခေါင်းငိုက်စိုက်ဆိုမိ၏။

ရင့်က သူ့ကို ဘယ်လိုလုပ်ပြီး ချစ်လို့ရမလဲ။

မချစ်ပါနဲ့ ရင့်ရယ်…

ငြင်းပစ်ပါ…ငြင်းလိုက်တာပဲ ကောင်းသည်။

သူဟာ အုကြောင်ကြောင် လူတစ်ယောက်။

"သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရဲရင့်က လှည့်ထွက်သွားသော သူ့ကို လှမ်း
လိုက်၏။

ဘာလို့ ခေါ်သောင်မိမှန်း မသိပါ။

"ဒီမှာ"

"ဟင်…ဘာလဲ ရင့်"

"ပြောစရာရှိသေးတယ်"

"ပြောလေ"

"ရှင့်ကို ဒီတစ်သက် ဘယ်တော့မှ မချစ်ဘူး သိရဲ့
မှန်းတယ် အရမ်းမုန်းတယ်"

နှင်းဆီရဲရင့်စကားကြောင့် သူ့မျက်နှာ ရှုံ့မဲ့သွား၏

သူက ရွှဲပြောလည်း တကယ်ထင်တာပါပဲ။

တော်တော်ခက်တဲ့လူ။

ရင့်စိတ်ကို အပြတ်တင်းသည်။

သူ့ကို ပစ်ပစ်ခါခါ ပြောပစ်ချင်သည်။

ဘယ်လိုလူမှန်းကို မသိ။





တစ်စက်ကလေးမှ ကြည့်လို့မရ။

သည်လို ရည်းစားစကား ပြောတာမျိုး ကြုံဖူးပါသလား။

အီလည်လည်နှင့် မတင်မကျကြီး။

ရှင့်ကို အလျှော့မပေးတာဘဲ ကောင်းသည်။

★



www.burmeseclassic.com

www.burmeseclassic.com



သူက တကယ် နားလည်ရခက်သူ။

ပြန်ခါနီး ဖုန်းဆက်၊ နှုတ်ဆက်ပုံကိုက ကြည့်။

"အချိန်တွေ ဘယ်လိုကုန်သွားမှန်း မသိဘူး၊ ဟိုရော
လို့ မင်္ဂလာဆောင်ရင် ဖိတ်စာပို့လိုက်မယ်၊ ရင် လာဖြစ်အော
လာရမယ်တဲ့"

ဟွန်း...လာစရာလား။ သူ့မင်္ဂလာပွဲကို ဖိတ်စရာလာ

ရှင် အလိုက်ကမ်းဆိုးတစ်စက်မှ မသိတဲ့လူကြီး၊
မင်္ဂလာဆောင်တာကို ရင်ကွဲခံပြီး လာကြည့်ရမှာလား။





ရက်စက်လွန်းလိုက်တာ။

"ရှင့်လိပ်စာ ကျွန်တော် သိတာပဲ၊ ဖိတ်စာပေးဖို့ လွယ်ပါတယ်၊ လာဖြစ်အောင် လာပါ ရှင့်ရယ်၊ မိတ်ဆွေတစ်ယောက်အနေနဲ့ ချီးမြှင့်ပေးပါ"

"လုံးဝ မလာဘူး"

"ချစ်လို့ ချစ်တယ်ပြောမိတာ ဒီလောက် ခါးခါးသီးသီးဖြစ်စရာလား၊ ပစ်ပစ်ခါခါ တုန့်ပြန်စရာလား"

"ရှင့်မင်္ဂလာပွဲကို ရင်က ဘယ်လို အင်အားမျိုးနဲ့ တက်ရောက်ချီးမြှင့်ရမှာလဲ၊ လုံးဝကို မဖြစ်နိုင်တာ"

"အပြစ်ကြီး မငြင်းပါနဲ့ဗျာ၊ ချစ်တယ်လို့ ပြောမိတာကို ကျွန်တော် ပြန်ရုတ်သိမ်းပါတယ်"

ဟယ်တော့...။

နှင်းဆီရဲရင့် နှုတ်ခမ်းစူမိသည်။

မျှော်လင့်ချက်ကလေး ရေစုန်မျောပြီ။

"ကျွန်တော်တို့ သူငယ်ချင်းဖြစ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ရှင်နဲ့ သူငယ်ချင်းကို မဖြစ်ချင်တာ"

"ဒါပေမယ့် ရှင့်ခာတ်ပုံ ကျွန်တော့်ဆီမှာ ရှိတယ်"

"ဘာ"

"ကမ်းခြေမှာတုန်းက ကျွန်တော် ရိုက်ထားတာ"

"ဟင်"

"အခု ကျွန်တော့်ခာတ်ပုံနဲ့ တွဲထားလိုက်ပြီ"

"ဟွန်း…အဲဒါ ဘာလုပ်ရမလဲ"

"လူချင်း မနီးစပ်ပေမယ့် ခာတ်ပုံချင်း နီးစပ်ပြီး ရန်ဖြစ်စကားများလို့ ရတာပေါ့"

"တော်ပါ…ရှင် တော်တော် စကားများတယ်"

"လာမယ် မဟုတ်လား၊ ကျွန်တော့်မင်္ဂလာပွဲ"

"ဟင့်အင်း… မလာတော့ပါဘူး"

သူက ကိုယ့်အပေါ် ရန်ဖြစ်စကားများရုံသက်သ အပျင်းပြေ သဘောထားနေတာလား။ ဘာဝနှင့်ရင်း၍ ရင်နှင့် ချစ်မြတ်နိုးမိသော နှလုံးသားကို ဘယ်လိုလုပ်ရမလဲ။





သူ့အတွက် ရင့်နှလုံးသားကို စတေးပေးရမှာ၊ သူ သိပါရဲ့ လား။ သူ နားလည်ပါရဲ့လား။

"ရှင့်"

"ရှင့်"

သူမဘာက်က တိတ်နေသောအခါ သူက အဆက်မပြတ် ခေါ်ပါသည်။

"ဘာလဲ"

"ဘာဖြစ်လို့လဲ ရှင့်"

"ရှင် တကယ် သိချင်တာလား"

မျက်ရည်တွေ ရစ်ဝိုင်းကာ မေးမိ၏။

အလကားလူ၊ အသုံးမကျတဲ့လူ။

"သိချင်လို့ မေးတာပေါ့ ရှင့်ရယ်"

"သိချင်ရင် ပြောပြမယ်၊ ကျွန်မ ရှင်တွေ ကွဲကုန်ပြီ၊ ရှင် ဘာလို့ ကျွန်မမဟုတ်တဲ့ တခြားတစ်ယောက်ကို လက်ထပ် ရမှာလဲ၊ ရှင် လုံးဝ မယူရဘူး၊ တစ်လောကလုံးနဲ့ ဆန့်ကျင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မကို ချစ်ရမယ်၊ ရှင် သိရဲ့လား…ကျွန်မ ရှင့်ကို အ
ပြောပြီးပြီ၊ ရှင် လက်ထပ်ရင် ကျွန်မ ရင်ကွဲနာကျသေလိမ့်မ

"ဗျာ..ဗျာ.. ရှင့်..ရှင့် ဘာပြောလိုက်တာလဲ၊ မ
ပါနဲ့ ရှင့်ရယ်၊ ကျွန်တော် ရူးသွားလိမ့်မယ်"

"အမယ်လေး…နောက်စရာလား၊ ဒီလို စကားနဲ့
ပါ့မလား၊ ဟင့်..ဟင့်..ဟင့်… ဒီမှာ ကျွန်မ ငိုနေပြီ
သိရဲ့လား၊ မျက်ရည်တွေ အများကြီးပဲ ရှင်မှ မမြင်တာ"

"ဟောဗျာ…ဖြစ်မှ ဖြစ်ရလေ ရှင့်ရယ်"

သူ့ဘက်က မြူနီးစားကြီး ဖုန်းချသွားတော့ ရှင့် ဆ
မလား…ရပ်ပစ်ရမလား မသိ။

ဘယ်လိုလူလဲ။

အဖြေပေးတာတောင် ဝမ်းသာပုံ မရပါလား။

ကုန်ပါပြီ…မိန်းမဈေး ကျလိုက်တာ။

ငိုနေတာယ်ဆိုတာတောင် တစ်ချက် မချော့နိုင်သူ
စိမ်းကားသူကြီး။





"သမီးရေ…ဧည့်သည်လာတယ်"

မေမေ လှမ်းခေါ်သောအခါ ရင့်က သူ့ကို စိတ်ဆိုးဆိုးနှင့်
စားပွဲပေါ်ရှိ ပန်းအိုးထဲက ပန်းတွေ ထိုင်ခြွေပစ်နေတာ။

"ဘယ်က ဧည့်သည်လဲ"

အရေးထဲ ဧည့်သည်က လာသေးသည်။

တံခါးကို ဝုန်းကနဲ ဆောင့်ပိတ်ပြီး ဆင်းလာခဲ့၏။

"ဟင်"

ဧည့်ခန်းမှာ မတ်မတ်ကြီး ရပ်နေတာ…၊ ရင့် အသည်းနှင့်
အောင် ချစ်ရပါသော မင်းသွင်ခန့်ညား။

သူ ဘယ်လို ရောက်ပါလိမ့်။

မယုံချင်စရာကြီး။

"ရှင်"

သူက လှေကားပေါ် တက်လာမလို့ ပြင်တာမို့ ကမန်း
ကတမ်း ဆင်းလိုက်၏။ မေမေက လှမ်းကြည့် အကဲခတ်နေသည်။

"ကျွန်တော့်ကို တကယ်ချစ်တာလား ရှင့်"

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီရဲရင့်ရှေ့ကို မြန်းစားကြီး ရောက်လာပြီး ပန်း နှစ်ဖက်ကို တင်းတင်းဆုပ်ကာ မေးလာ၏။

"ရင့်ရယ်"

ရင့်ကို သူ့ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းကြပ်စွာ ဖက်လိုက်၏။ မေမေ ရှိနေတာ သူ မမြင်ဘူးလား။

"အသက်ရှူကြပ်တယ်၊ အရီး.. ကျိုးတော့မယ်၊ လွှတ်ပါ.. ဖယ်တော့လေ"

"မလွှတ်ပါဘူး...ရင့်က ကျွန်တော့်ချစ်သူ"

ဒုက္ခပါပဲ၊ မေမေ အကုန်မြင်၊ အကုန်ကြားသွားပြီ။

"မေမေ ရှိတယ်လေ"

"ကျွန်တော့် အရမ်းပျော်လို့ပါ"

"မေမေ့ကို မရိုမသေ မလုပ်နဲ့လေ၊ လွှတ်"

သူ့ရင်ခွင်ထဲက ရှန်းထွက်ရင်း ရှက်မျက်နှာနီထူထူကို ဘယ်မှာ ဖွက်ရမှန်း မသိ။

ဖွတ်တရွတ်ကြီးပါလား။





စောစောတုန်းကတော့ သူ့မိဘ ပေးစားတာလေးကိုပဲ တကယ် ယူတော့မလိုလို။

အခုတော့လည်း သည်းသည်းလှုပ်နေလိုက်တာ။

သူ တကယ်ချစ်တာမှ ဟုတ်ရဲ့လား။

ဘာပဲဖြစ်ဖြစ် ရင့်ကတော့ မေမေ့ကို တစ်ခုခု ဖြေရှင်းရတော့မည်။ မေမေ ဆူမှာလား။

ချောင်းသာသွားတုန်းက မေမေ အရမ်းစိတ်ပူခဲ့ရသည်။ ညီးစားပါ ရလာတာ သိရင် မေမေ ရင့်ကို စိတ်ဆိုးမှာလား မသိ။ မေမေနှင့် မျက်နှာချင်းဆိုင်ဖို့ သတ္တိ မွေးရသည်။

အင်း...မပြောမပြီး...ပြောတော့ ပြောရမည်။

နားနဲ့မနာ ဖဝါးနဲ့ နာပါ မေမေ...

ရင့်လေ...ရင့် ပြောပါရစေတော့၊

သူဟာ ရင့်ချစ်သူစစ်စစ်ပါပဲ မေမေ။



www.burmeseclassic.com

www.burmeseclassic.com

"လှရဲ့လားဟင်"

"အရမ်းလှပါတယ်"

ဆောင်းနှင်းကို ဓာတ်ပုံတွေကို ကြည့်ကာ ရင့်က ဆိုမိ၏။

"အရမ်း မြန်မာဆန်ဆန် လှပါတယ်"

"တကယ်"

"တကယ်ပေါ့"

"ဒါက ငါ့သတို့သားရဲ့ အဖေကြီးစိတ်တိုင်းကျ ရိုက်ထားတာ"





"သိပါတယ်"

"ရှေးဆန်ပြီး အရမ်းရိုးတာ သူ့အဖေက"

"ဟုတ်လား"

ဆောင်းနှင်းကိုက တစ်ပတ်လျှိုဆံထုံးနှင့် စောင်းကလေးပိုက်ကာ နွဲ့နွဲ့နှောင်းနှောင်း နေပုံတစ်မျိုး။

စန္ဒယားရှေ့မှာ ရင်ဖုံးအင်္ကျီကလေးနှင့် ဘီးဆံထုံးနှင့်တစ်မျိုး။

ဆွမ်းအုပ်ကလေး ဘေးချပြီး ကျုံ့ကျုံ့ကလေး ထိုင်ကာဆို့တရို့ပြုံးနှင့် တစ်မျိုး။

ဓာတ်ပုံအားလုံးက ယဉ်ကျေးလိမ္မာတာ ပေါ်လွင်၏။ သူမပုံစံ နူးညံ့ညံ့နှင့် တကယ်ပဲ ကျက်သရေ တင့်တယ်လွန်းသည်။

"ဟဲ့.. နင် ဟိုရောက်ရင် ဂျင်းဘောင်းဘီကြပ် မဝတ်ဘူးလား"

"ဘာဆိုင်လို့လဲ၊ ဒါက ခေတ်နဲ့ ရင်ဘောင်တန်းတာပေတယ်၊ မရဲဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



“နင့်ပုံစံက ခတ်ပုံတွေနဲ့ နည်းနည်း ကွဲလွဲနေသလား လို့ပါ”

“ခစ်…ခစ်…ခစ်”

ဆောင်းနှင်းကိုက ရယ်လိုက်၏။

“သူတို့ မိသားစုက ရိုးရိုးကြီး၊ အဲဒီတစ်ယောက်တော့ ငါ့ကိုမြင်ပြီး အံ့ဩသွားမှာပဲနော်၊ နင်ပြောသလို ခတ်ပုံထဲက ပုံစံနဲ့ အပြင်က ပုံစံ ကွာဟနေတော့”

“အေးပေါ့ဟ”

“ရယ်ရတယ်…ငါ သူ့ကို မမြင်ဖူးသေးဘူး”

“ခတ်ပုံရော”

“ခတ်ပုံကို မမြင်ဘူးသေးတာ”

“ထူးဆန်းလိုက်တာ”

ဆောင်းနှင်းကိုကို ကြည့်ပြီး ရင့် နားမလည်။

“ရင့်ရယ်…ငါက သူ့ကို ချစ်မှ…သဘောကျမှ လက်ခံမှာဟဲ့၊ ငါ တွေ့ကြည့်ဦးမှာပါ”





“လူကြီးတွေက သေချာစီစဉ်ထားတာ၊ နင်က ငြင်းလို့ ရမှာလားဟဲ့၊ စဉ်းစားဦး”

“ဒါကတော့ အခု ပြောလို့ မရသေးဘူး”

ဆောင်းနှင်းကိုက ပေါ့ပေါ့ကလေး ဆိုပါသည်။

သူ့အစား ရင့်က ရင်လေးပြီး မသက်မသာ ရှိနေတာ။

“ရင့် နင် လိုက်ခဲ့ရမယ်နော်”

“ဟင်”

“လုံးဝ ငြင်းလို့ မရဘူး၊ လိုက်ကို လိုက်ရမှာ”

“မလိုက်ချင်ပါဘူး၊ မေမေက ခဏခဏ ခရီးထွက်နေရင် ငါ့ ဆူမှာ၊ မလိုက်တော့ဘူး”

“မရပါဘူး… လိုက်ရမယ်၊ ရင့်မေမေကို ငါ ပြောမှာပေါ့၊ လုံးဝ မလိုက်လို့ မရဘူး”

နှင်းဆီရဲရင့်က ပင့်သက်ရှိုက်ကာ…

“နင်ပြောလို့ မေမေက ထည့်ရင် လိုက်မယ်”

ဟု မေမေ့အပေါ် လွှဲချထားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာလိုလို့နှင့် ဆောင်းနှင်းကို လက်ထပ်တော့မည်။ ရင့်မှာတော့ ဘာမှ မရေရာ၊ မသေချာသေး။

မင်းသွင်ခန့်ညားက ဘာပြောဦးမလဲ မသိ။

သူ့ဆုံးဖြတ်ချက်က အလွန်အရေးကြီးပါသည်။

ရင့်က မိန်းကလေး မဟုတ်လား။

လူကြီးချင်း စေ့စပ်သဘောတူထားတာကို သူ့ဘက်က ဖွတ်ပြတ်သားသား ငြင်းပေးမှ ဖြစ်မှာပါ။



"သားရယ်...ဘာတွေ ပြောနေတာလဲ၊ မေမေ စိုးရိမ်ရတာ၊ သားအဖေအကြောင်း သား သိသားနဲ့"

"သား တကယ်ပြောနေတာ မေမေ"

"မဟုတ်သေးပါဘူး သားရယ်"

မင်းသွင်ခန့်ညား စကားတွေကြောင့် မေမေက အရမ်းလန့်သွားပုံပါ။

ဖုန်းထဲမှာ မေမေ့အသံက တိုးဖျော့လွန်း၏။

"ဟုတ်တယ် မေမေ၊ သား သူနဲ့ လမ်းခွဲပြီး ပြန်လာမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝထဲက ရုန်းမထွက်နိုင်တာ သိလိုက်တာ၊ သူနဲ့ဆို သား စိတ်လွတ်ကိုယ်လွတ် ပျော်မိတယ်၊ သားလေ… သူ့အနားမှာ ခဏ နေပါရစေဦး၊ ပြီးရင် ပြန်လာခဲ့မှာပါ၊ တစ်ခါမှ မမြင်ဘူးတဲ့ ကောင်မလေးတစ်ယောက်ကို သား လက်ထပ်မှာပါ၊ သားဘဝမှာ သူ မရှိဘဲ နေတတ်ပါ့မလား မသိဘူး…

… သူ သားဘဝထဲကို မုန်တိုင်းတစ်ခုလို ဝင်လာတာ မေမေ၊ သားဘဝကို ဖြတ်ကျော်တိုက်ခတ်သွားလိုက်တာ ဖရိုဖရဲ ပြောင်းဆန်ကျန်ခဲ့တယ်၊ အချစ်ဆိုတာ ဒီလိုလားလို့ သား သိခဲ့ တယ်၊ စထမဆုံးအကြိမ် သူ့လက်ကလေးကို လှမ်းပေးချိန်မှာ သား ဒီလောက် ဖြစ်သွားလိမ့်မယ် မထင်ခဲ့သေးဘူး၊ သူ့ကို သား မခွဲနိုင်ဘူး မေမေ၊ ဒါပေမယ့် 'ခွဲရတော့မယ်ဆိုမှ သူ့ကို နောက်မတွေ့ရတော့ဘူးဆိုမှ သား သူ့ကို လုံးဝမခွဲနိုင်တာ သေချာ သွားတယ်၊ သူ့ကို သား တစ်ခုခု ပြောချင်တယ်၊ ရင်ထဲမှာ သိမ်းမထားနိုင်တော့ဘူး၊ သူ့ဆီက တစ်ခုခု ကြားချင်တယ်၊ သား နားလည်သွားတာ အဲဒါ အချစ်ပဲ၊ ဟုတ်တယ် မဟုတ်လား မေမေ





သားရဲ့အိပ်မက်တွေ သူ့ကို ပေးလိုက်ပြီ၊ သားဘဝက သူ့အတွက် ပဲ၊ တခြားသူအတွက် ဖြစ်နိုင်ပါ့မလား"

"အမယ်လေး…သားရယ်၊ မေမေ ရင်တုန်လိုက်တာ၊ အဲဒီလိုတော့ မလုပ်ပါနဲ့၊ သားအဖေအကြောင်းလည်း သိသားနဲ့၊ သား ပြန်လာခဲ့ပါ"

မေမေနှင့် ဖုန်းပြောနေတုန်း ဖေဖေ့အသံ ကြားရသည်။

"အဖေကြီး နိုးလာပြီလား၊ သားနဲ့ စကားပြောနေတာ အကြာကြီး ခွဲနေရတော့ သားကို အလွမ်းသယ်နေတာလေ၊ ဖေကြီး ပြောဦးမလား"

"အဖေတစ်ယောက်ရဲ့ ယုံကြည်မှုကို အလွဲသုံးစားမလုပ် ဖို့ အမေကြီး ပြောလိုက်၊ သား ကတိ သားတည်ပါစေလို့၊ အဖေကို မလှည့်စားနဲ့လို့"

အဖေ့စကားတွေက သူ့ကို မွန်းကြပ်တုန်လှုပ်စေသည်။

'မဟုတ်ပါဘူး ဖေဖေ'

မတော်တဆ သား သူ့ကို ချစ်မိသွားခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် အမေကြီး ဘာညာဘာညာ ဘာမှ မကြားချင်ဘူး၊ မနက်ဖြန် ပြန်လာလို့ ဒီကိစ္စကို ဘယ်လိုရှင်ဆိုင် ကျော်ဖြတ်ရမလဲ သူ သိပါတယ်"

"သားဆန္ဒကို မေးပါဦး"

"မလိုပါဘူး… ဒီမှာ အားလုံး စီစဉ်ပြီးသား၊ မင်းရဲ့သားက ငါ့ကို ကတိပေးပြီးသား"

သည်သားအဖကြောင့် အမေ စိတ်ရှုပ်ရပြီ။

ဘယ်လို ဖြေရှင်းပေးရမှန်း မသိ။





"လုံးဝ မဖြစ်နိုင်ဘူး၊ ဟင့်အင်း…ဟင့်အင်း"

မင်းသွင်ခန့်ညားက နှင်းဆီရဲရင့်ကို စူးစူးစိုက်စိုက်ကြည့်၏။ အင်မတန် ခေါင်းမာလွန်းပါလား။

"ဘယ်တော့မှ နိုးရာမလိုက်ဘူး"

"ခက်တယ်ကွာ…ဒါဆို ဘာလုပ်ကြမလဲ"

"ရှင် ပြတ်ပြတ်သားသားငြင်းပေါ့"

"မဖြစ်နိုင်ပါဘူး ရင့်ရယ်၊ ကျွန်တော့်နောက် ရင့် လိုက်ခဲ့စမ်းပါ၊ ဒါမှ မခွဲရမှာ၊ အတူတူ နေရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါဘူး"

"ဖေဖေ့အကြောင်း ရှင့် မသိဘူး၊ ဒါဆို ဒါပဲ"

"ရှင့် ဆုံးဖြတ်ထားပြီးသား၊ ဒီတစ်သက် ခိုးရာ မလိုက်ဘူး မင်္ဂလာဆောင်ပဲ ဖိတ်စာရိုက်မယ်၊ ခမ်းနားစွာ လက်ထပ်မယ်"

"အဲဒါဆို အဲဒီပွဲမှာ သတို့သားက ကိုယ်ဖြစ်မယ် မထင် ဘူး၊ ဖေဖေက တစ်သက်လုံး ရှင့်နဲ့ ပေးစားမှာ မဟုတ်ဘူး ရှင့်ရယ်...စိတ်လျှော့လိုက်ပါ"

"ရှင့်က ဘာဖြစ်နေလို့လဲ"

မခံမရပ်နိုင်စွာ မေးမိ၏။

စဉ်းစားကြည့်ပါ။ ရှင့်မှာ ဘာအပြစ်အနာအဆာ ရှိလို့လဲ ဘာချွတ်ယွင်းချက် ရှိလို့လဲ။

ရှင့်ကို ဘာလို့ လက်မခံချင်ရတာလဲ။

"ခိုးတယ်ဆိုတာ ကောင်းတာမှ မဟုတ်ဘဲ၊ လူတ ယောက်လုံးကို ခိုးစရာလား"

"ဟုတ်ပါတယ်...ဒါပေမယ့် အခြေအနေအရ..."





"ဟင့်အင်း...ရှင့်မိဘတွေကိုလည်း ငဲ့ပါဦး၊ သူတို့က သဘောတူတယ်လေ၊ ရှင့်မေမေလည်း ရှင့်မင်္ဂလာပွဲမှာ သဇင်တွေ ဝေအောင်ပန်ပြီး ဂုဏ်ယူချင်မှာပေါ့၊ ရှင့်ဖေဖေလည်း တိုက်ပုံ ဝတ်ပြီး ငါ့သမီးလှလို့ ဝံ့ကြွားချင်မှာပေါ့၊ ရှင့်ကို မိသားဖသားပီပီ တောင်းရမ်းလက်ထပ်ယူပါနော်၊ ရှင့် ဘယ်တော့မှ ခိုးရာ မလိုက်ပါ ရစေနဲ့၊ ဖေဖေနဲ့ မေမေ့ကို ထိခိုက်အောင် မလုပ်ရက်ဘူး၊ ယောကျ်ားတစ်ယောက်ကို ရှင့် မော်မော်ကြွားကြွား ပိုင်ဆိုင်ပါရစေ၊ ခိုးခိုးဝှက်ဝှက် လိုက်ပြေးပြီး မျက်နှာမငယ်ချင်ပါဘူး"

"ရှင့်ရယ်"

ဝေးပါပြီ၊ ဝေးသွားဖို့ သေချာပါပြီ။

ဖေဖေက တယူသန်၊ ရှင့်က ခေါင်းမာလွန်း။

သူ ဘာတတ်နိုင်မှာလဲ။

သူနှင့်ရှင့် ပေါင်းရဖို့ မမြင်၊ တဖြည်းဖြည်း ဝေးသွားဖို့ သာ ရှိသည်။

နီးစပ်ဖို့ မျှော်လင့်လို့ မရ။



www.burmeseclassic.com

www.burmeseclassic.com



အဖွေအကြောင်းလည်း သူ အသိဆုံး။

"ရှင်လေ ခိုးရာမလိုက်ချင်ဘူး၊ ခိုးပြေးတယ်ဆိုတာ သ

သမီးတွေ ရလာရင် ရှက်စရာကြီး၊ ရှင့်ကို လက်ထပ်ချင်ပေ

ရှင့်မိဘတွေ ရှင်ပြောပေါ့၊ ရအောင် ပြောပေါ့၊ ရှင့်ဘက်

အစွမ်းကုန် ကြိုးစားမယ်"

"မဖြစ်နိုင်တာကွာ"

"ရှင် ဒီလို လွယ်လွယ် လက်မလျှော့ပါနဲ့"

မင်းသွင်ခန့်ညားက ဟူးကနဲ လေပူမှုတ်ထုတ်၏။

"သတို့သမီးလောင်းက နောက်တစ်ပတ်ဆို ကျွန်တော်

မြို့၊ ကျွန်တော်တို့အိမ် ရောက်တော့မှာ"

"ဘယ်လို"

နှင်းဆီရဲရင့်က တစ်ခုခုကို တွေးမိပြီး ငြိမ်သက်သွား

မင်းသွင်ခန့်ညားကာ မိဘကို လွန်ဆန်နိုင်ပုံ မရ။

ရှင့် သူ့ကိုချည်းမဲ ယုံကြည်စောင့်စားနေလျှင် ရှင်

ဝေးရတော့မည်။





"ရှင့်ကို ရှင့်ဖေဖေနဲ့ တွေ့ပေးပါ"

"ဟာ"

သည်စကား ကြားရုံနဲ့တင် မင်းသွင်ခန့်ညား လန့်ဖြန့်

သွား၏။ ပြဿနာကို ထိပ်တိုက် မတွေ့ချင်။

ရှင့်ကို သူ ခိုးပြေးသွားလျှင် ရှင့် ဘာမှ မတတ်နိုင်။

"ဒါပဲနော်...အပြတ်ပြောပြီးသား၊ လုံးဝ ခိုးမပြေးဘူး၊

ခိုးရာလည်း မလိုက်ဘူး၊ ရှင် မဟုတ်တာတွေ မကြံစည်နဲ့"

သူ ဘာဆက်လုပ်ရမှန်းပင် မသိတော့ပါ။

★



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနှင်းကိုက သူနှင့် အဖော်လိုက်ပေးဖို့ ရင့်ကို မေမေ့ဆီ လာခွင့်တောင်းသောအခါ မေမေက အားနာပြီး ခွင့်ပြုလိုက်၏။ ရင့်က ပခုံးလေးတွန့်ကာ...

"ဒါမျိုးကျတော့ ပြောရဲတယ်"

ဟု ဆောင်းနှင်းကိုကို ဆိုမိ၏။ ဆောင်းနှင်းကိုက...

"ဟဲ့.. နာမည်ကြားပြီး ငါ သဘောကျနေပြီ သိလား။ မင်းသွင်ခန့်ညားတဲ့"

"ဘာ"





ရင့်က. အထိတ်တလန့် ဆောင်းနှင်းကိုဆီ ကြည့်မိ၏။

သည်လို နာမည်တွေ ရှိပါ့မလား။

ပြီးတော့ သူက ပြောသေးသည်။

သတို့သမီးလောင်းက လူကြီးမိဘတွေနှင့် သူ့အိမ်လာတော့မည်တဲ့။

ဖြစ်မှ ဖြစ်ရလေ။

နှင်းဆီရဲရင့် စကားပင် မဆိုနိုင်လောက်အောင် ငြိမ်သက်သွား၏။ သူငယ်ချင်း၏ ခင်ပွန်းလောင်း ဖြစ်နေပါရောလား။

ချက်ချင်းပဲ ငိုချင်သွားမိသည်။

သတ္တိအင်အားတွေ လျော့နည်းဆုတ်ယုတ်သွားသလိုပင်။

သည်လိုဆို ရင့် တကယ်ပဲ နောက်ဆုတ် အရှုံးပေး လက်လျှော့ရတော့မှာလား။

သူ့ကို တကယ် ချစ်တာပါ၊ မခွဲနိုင်။

ဆောင်းနှင်းကို ဟိုရောက်ရင် သူ့ကို မနှစ်သက်ပါစေနှင့် ဟု ဆုတောင်းရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ချက်ရှာ ရာခိုင်နှုန်း နည်းလာ၏။

"ဘာဖြစ်လို့လဲ ရှင့်"

"ဘာမှ မဖြစ်ပါဘူး"

နှင်းဆီရဲရဲ့၏ ပျက်ယွင်းသွားသော ဟန်မူရာကို [illegible]ဆောင်းနှင်းကို သတိထားမိသွား၏။

ချက်ချင်းပဲ ဟန်ဆောင်ကာ ပင့်သက်မှျင်းမှျင်း ခိုးရှိုက်သည်။ မင်းသွင်ခန့်ညားကလည်း မိဘအသိုင်းအဝိုင်းကို ဆန့်ကျင်ရဲပုံ မရ။ ခိုးပြေးဖို့သာ ဖွတ်ဆိုနေတာ။

ရှင့်ကလည်း ခိုးရာ မလိုက်ချင်။

'ခိုးပြေးခြင်း' ဆိုတာကို ရှင့် အင်မတန် မုန်းသည်။ ရွံသည်။ ဘာပဲခိုးခိုး ခိုးတာပါပဲ။

မင်းသွင်ခန့်ညားကို သူခိုး မဖြစ်စေချင်။ ရှင့်လည်း ခိုးရာပါ ပစ္စည်း မဖြစ်ချင်။

ရှင့်က လက်ထပ်ချင်တာ။

သတို့သမီး ဖြစ်ချင်တာ။





အခါတော်ပေး သီချင်းကလေးနှင့် နှစ်ဘက်မိဘ စုံညီစွာနှင့် ကတ္တီပါခင်းသော လမ်းပေါ် ပန်းတွေ မွှေးမြစွာကြဲပြီး မင်္ဂလာဆောင်ချင်တာ။ တစ်သက် တစ်မင်္ဂလာ။

ခန်းမကြီးတစ်ခုတည်းမှာ ငြိမ့်ညောင်းသော ဂီတသံနှင့် ဆွေမျိုး အသိုင်းအဝိုင်း စုံညီစွာ ဘယ်လောက် ကျက်သရေ ပြည့်လိုက်သလဲ။

ခိုးပြေးရမှာ မျက်နှာငယ်စရာ။

ပိုဆိုးတာက ဖေဖေ မေမေတို့က မကန့်ကွက်ပါဘဲနှင့် ရှင့်က ခိုးရာလိုက်ရမည့်အဖြစ်ပါ။

မချစ်လို့တော့ မဟုတ်ပါဘူး ချစ်သူရယ်...

ရှင့် ကြိုးစားမယ်။

တကယ်လို့ ဘယ်လိုမှ မဖြစ်နိုင်ရင်တော့ မျက်ရည်နဲ့ နောက်ဆုတ်မယ်၊ ရှင့် ခိုးရာမလိုက်ဘူး။

✶



www.burmeseclassic.com

www.burmeseclassic.com

## ၉

"သမီးကောင်လေးနာမည်က ဘယ်သူ"

ဖေဖေနှင့်မေမေ မေးလာတော့ ဖြေရမှာ ဝန်လေး တွန့်ဆုတ်နေမိပါသည်။ ပြီးမှ ရဲစိတ်မွေးကာ…

"ခင်းသွင်ခန့်ညား"

ဟု ဖြေလိုက်၏။

"ချောလားကွ ဟေ… ငါ့သမီးသဘောကျတယ်ဆိုတော့ ဘယ်လိုလဲ အမေကြီး"

ဖေဖေက မမြင်ဘူးသေးပါ။





"သူက ဘယ်လိုလူစားလဲ သမီး"

"သူက မိန်းကလေးတစ်ယောက်ကို အရှုးအမူး စွဲလမ်းမယ့်သူတော့ မဟုတ်ဘူး"

"ဟော…! ဟုတ်လား၊ ဘယ်မှာနေလဲ"

"မန္တလေးဘက်မှာပါ"

"လိပ်စာတိတိကျကျ မသိဘူးလား"

"ဟင့်အင်း"

ညာမိသည်။

ဘာတွေဘယ်လို လာမယ်မှန်း မရေရာ။

"သမီးမှာ ဘာအခက်အခဲရှိလဲ၊ ငါ့သမီးအသံက အားမရှိပါလားကွ၊ ဖေဖေက ရဲရဲရင့်ရင့်ရှိအောင် နှင်းဆီရဲရင့်လို့ နာမည်ပေးထားတာ"

ရင့်က ဟန်မဆောင်နိုင်ဘဲ မျက်ရည်ဝိုင်းသွား၏။

ရင့်တို့က ပွင့်လင်း နွေးထွေးသော မိသားစုပါ။

အင်မတန် Close ဖြစ်သော Family ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိန်ချန်လျှို့ဝှက်ထားတာ ဘာမှမရှိ။

"သူ လက်ထပ်တော့မှာ ဖေဖေ"

"ဟေ..! ဟေ.. ဟုတ်လား"

ပထမ 'ဟေ' က အံ့သြထူးဆန်းသွားပြီး၊ ဒုတိယ 'ဟေ' က တုန်လှုပ်စိုးရိမ်မှုပါ ရောစပ်လာ၏။

"စေ့စပ်ထားတဲ့ ကောင်မလေး ရှိတယ်"

"ဟောဗျာ၊ ဒါက ဘယ်လိုဖြစ်ရတာလဲ"

"လူကြီးချင်း စေ့စပ်ထားတာပါ"

"ဪ...ဪ"

"သူက မမြင်ဖူးဘဲ လက်ခံထားခဲ့တာ၊ သူ့အဖေသဘော တစ်ခုတည်းနဲ့"

"အဲဒီတော့"

"သူက ခိုးရာလိုက်ဖို့.."

"တော်တော်.. နီးနီး.. ဒါမျိုး တို့ရာဇဝင်မှာ မရှိပါဘူး သမီးရယ် မလုပ်ပါနဲ့"





"စိတ်ချပါ ဖေဖေ၊ သမီး ခိုးရာမလိုက်ပါဘူး"

ဖေဖေက စကားစ,တာနှင့် ဟန့်တားသည်။

"သိမ်ငယ်စရာ ကိစ္စကြီးပါ သမီးရယ်"

"သမီး သိပါတယ်"

"သမီးရေ... ဒါ ဒီအိမ်ရဲ့ မင်္ဂလာဦးနော်၊ ပစ်စလက်ခတ် မဆုံးဖြတ်လိုက်ပါနဲ့"

မေမေကလည်း ထပ်မံ တားမြစ်သည်။

စိတ်ချပါ... ရင့် ရင်ကွဲခံပါ့မယ်၊ ခိုးရာတော့ မလိုက်ပါဘူး။

အသည်းကွဲချင် ကွဲစေတော့။

"လက်ထပ်ဖို့ကိစ္စကို သမီးတားပေါ့၊ သမီး ကောင်လေးကို ပြောပြပေါ့၊ သူ သမီးကိုချစ်ရင် လိုက်လျောနိုင်မှာပါ"

"ဟုတ်"

"သမီးဘက်က ဟိုဘက်လူကြီးမိဘ သဘောတူအောင်ကြိုးစား၊ ကျန်တာအားလုံး ဖေဖေတို့ စီစဉ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် မေမေ"

ရင့်စိတ်ထဲမှာတော့ ရတက်မအေးနိုင်။

ဝေးကြရမှာလား။

နီးစပ်နိုင်ပါ့မလား။

မင်းသွင်မေမေက ဘယ်လိုလူသားလဲ?

အခုကိစ္စမှာ သူက အခရာ။

သူ့သဘောက အရေးကြီးတာပါ။

★



"ဒါ… သားကောင်မလေး မေမေ"

"လှလိုက်တာ… ချစ်စရာလေး"

မေမေက သူပြသော ဓာတ်ပုံကို သေချာကြည့်သည်။

"အမေတစ်ခု စိုးရိမ်တယ် သားရယ်၊ ဘာဖြစ်လို့လည်း မသိဘူး၊ သားကိုကြည့်ရတာ ဝမ်းနည်းနေသလိုပဲ၊ ရယ်တာတောင် မတွေ့ရဘူး၊ အဆင်မှ ပြေရဲ့လား"

"ဘာမှ မဖြစ်ပါဘူး မေမေရာ၊ သားစိတ်ထဲမှာ ခံစားနေရတာ မကြာခင် အသားကျ သက်သာသွားမှာပါ၊ ဘာမှ မပူပါနဲ့ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သား… သူ့ကို မမေ့သေးဘူး မဟုတ်လား"

"သားထက်ထပ်ဖို့ သဘောတူပြီးသားပဲ၊ တဖြေးဖြေးတော့ မေ့သွားနိုင်မှာပါ"

"သတိရနေရင် သားပဲ ခံစားရမှာ"

မေမေပြောတာ ဟုတ်သည်။ သူ့ရင်ထဲမှာ ကြွေမွ ခံစားနေရတာ သူပဲ သိသည်။

ဘယ်လိုမှ မေ့လို့မရ။

မင်းသွင် တိတ်တိတ်ကလေး ဆုံးဖြတ်မိတာက ရင့်ဆီ ရောက်အောင်သွားပြီး ခိုးပြေးဖို့ပါပဲ။

သူ ရင့်ကို ဘယ်လိုမှ မစွန့်လွှတ်နိုင်။

အရမ်း သေချာနေပြီ၊ ရင့်နှင့် ဝေးရမှာကို ခံနိုင်ရည် တစ်စက်မှ မရှိ။

★





မြန်းစားကြီး ချစ်သူကို တွေ့လိုက်ရတော့ အံ့သြဝမ်းသာပြီး ရင်ထဲမှာ တလှပ်လှပ်နှင့် ဒိုတောင် ဒိုချင်မိ၏။

ဩော်… ရင့် သူ့ကို အဲဒီလောက်အထိ လွမ်းဆွတ်တမ်းတ သတိရနေပါရောလား။

"ရင့်"

"ဟင်"

သူက နှင်းဆီ လက်ဖျားကလေးကို ဖျတ်ကနဲ ဆွဲယူပြီး သူ့ရင်ဘတ်မှာ အပ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မခွဲနိုင်ဘူး ရှင့်ရယ်"

"ရှင် ဘယ်လို ရောက်လာတာလဲ"

"ဖေဖေ မသိအောင် ထွက်လာခဲ့တာ"

"လုပ်ပြန်ပြီ၊ ရှင့်ကို ဆူမှာပေါ့"

"မပြန်တော့ဘူး"

"ဘာယ်လို"

သူက နှင်းဆီရဲရင့်ပခုံးကို တင်းတင်းဆုပ်ကာ ဆို

"ကျွန်တော်တို့ ဒီကနေ ထွက်ပြေးရအောင်"

"ဟင်.. ဘယ်လိုဖြစ်တာလဲ"

"ဟိုမှာ ဖြစ်နေတာတွေ ရှင့် ဘာမှ မသိဘူး၊ စေ့စ

လားတဲ့ ကောင်မလေး ရောက်လာတော့မှာ၊ နှစ်ရက်..သုံးရက်

လိုတော့တယ်၊ သူ ရောက်လာရင် လက်ထပ်ဖို့ တစ်ခါတည်

စီစဉ်ဖြစ်မှာကွ၊ အဖေက သူ့သူငယ်ချင်းကို ကတိပေးပြီး

အဖေက သူ့စကားကို အလေးထားတယ်၊ ပြောပြီးသားစကာ

ရုတ်သိမ်းဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဒီကနေ ပြေးမှ ဖြစ်မယ်"





"ခိုးရာ မလိုက်နိုင်ပါဘူးဆို၊ ရှင့် မလိုက်နိုင်ဘူး၊ ဖေဖေနဲ့

မေမေဆီမှာ မိဘစုံရာနဲ့ လာတောင်းပါ၊ လာတောင်းမှ.. မိဘ

သဘောတူမှ လက်ထပ်မယ် ဒါပဲ"

"မင်း ရူးနေသလား၊ အဲဒါဆို ကျွန်တော်တို့ ဝေးသွား

လိမ့်မယ် ရှင့်"

"ဟင့်အင်း... လုံးဝ ခိုးမပြေးဘူး"

"ရှင့် ကျွန်တော့်အဖေအကြောင်း ဘာမှ မသိဘူး၊ ပြေးမှ

ဖြစ်မယ်၊ ခိုးပြေးမှ အတူတူ နေရမှာ"

"ရှင် ကျွန်မကို တကယ်ချစ်ရဲ့လား"

"ဟာ.. မေးစရာလား၊ မေးဖို့ လိုသေးလား၊ ဝေးမှာ

ကြောက်လို့ ပြေးလာခဲ့တာကွ"

"ဒါဆို ကျွန်မကို ယုံပါ"

"ဟာ.. ဘာတွေလဲကွာ"

"ရှင့်အဖေ သဘောတူလာအောင် ကျွန်မ ကြိုးစားမယ်"

"မဖြစ်နိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ယုံကြည်ပေးပါ"

"ရှင့်ရယ်··· ရှင့်လုပ်တာနဲ့ ပေးရတော့မယ်"

မင်းသွင်ခန့်ညားက စိတ်ပျက်လက်ပျက် ထိုင်ချလိုက်

"ကျွန်တော် ခံနိုင်ရည် မရှိလို့ပါ ရှင့်ရယ်၊ လိုက်ခဲ့ပါ"

"ဟင့်အင်း"

သူက ရှင့်ကို တွေတွေငေးငေးကြီး ကြည့်ကာ နေ

"ရှင့် ရှင့်ဘဝထဲကို ရောက်အောင်လာခဲ့မှာပါ"

"တော်ပါတော့ ရှင့်ရယ်"

"ရှင်က ရှင့်အတွက် အင်အားပါ၊ မဟာအင်အား ရှင် ရှင့်ကို ယုံကြည်မှ··ပူးပေါင်းမှ·· ရှင့်ဘက်က ရပ်တည် ဖြစ်မယ်၊ ရှင့် ရှင့်ကိုပဲ လက်ထပ်မယ်၊ ရှင် ယုံပါ၊ အဲဒီကတိ အကြိမ်ကြိမ် ပေးပါတယ်"

✶



ရှင့်က ဆောင်းနှင်းကိုနှင့် သူငယ်ချင်းဆိုတာရယ်၊ ဆောင်းနှင်းကိုနှင့် အတူတူ လိုက်လာခဲ့မယ်ဆိုတာရယ် လုံးဝ ဖွင့်ဟမပြော။

သူ့ကို အံ့သြဝမ်းသာစေချင်လို့ပါ။

ပြီးတော့ သူ့မိသားစုရှိရာ ရှင့်လာမှာသိလျှင် သူက စိုးရိမ်စိတ်နှင့် တားချင်တားဦးမှာ။

ရှင့်··· နောက်မဆုတ်နိုင်။

ရှင့်က သိကျွမ်းပြီး သဘောမကျတာမှ မဟုတ်ဘဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှာ နှုတ်ကတိကျွံထားတာလေး တစ်ခုတည်းနှင့် ရင့်တို့က နှလုံးသားကို စတေးပေးရမှာလား။

အဲဒါ လုံးဝ မတရား။

ရင့်တို့အချစ်ကို အားလုံး အသိအမှတ်ပြုလာစေရမည်။ မင်းသွင် ဖေဖေ သဘောတူ ကြည်ဖြူလာစေရမည်။

ပြောသာပြောရတာ။ ရင့် အရှုံးကို မတွေးထားရဲပါ။

တကယ်လို့ မအောင်မြင်ခဲ့ရင်ရော...

နှလုံးသားနှင့်ရင်းပြီး ကြိုးစားရမှာ...

မအောင်မြင်လို့ မဖြစ်။

ရှုံးနိမ့်လို့ မရ။

ရင့်ချစ်သူကို ရင့် ပိုင်ဆိုင်ခွင့် ရချင်ပါသည်။

ဆောင်းနှင်းကိုကလည်း သူ့ကို အသေအလဲ နှစ်သက် မက်မောတမ်းတမ်းစွဲနေတာ မဟုတ်။

✯





ဆောင်းနှင်းကိုက မင်းသွင်ခန့်ညားး၏ မိသားစုနှင့် နှင်းဆီရဲရင့်ကို မိတ်ဆက်ပေးပါသည်။

မင်းသွင်က ရင့်ကို တအံ့တသြ ငေးကြည့်နေ၏။

"သူက သမီးရဲ့ အချစ်ဆုံးသူငယ်ချင်း နှင်းဆီရဲရင့်ပါ"

နှင်းဆီရဲရင့်က နူးညံ့စွာ ပြုံးသည်။

လူတွေကလည်း များလိုက်တာ၊ ဧည့်သည်တွေ သည် သောက်များလိမ့်မည် မထင်ခဲ့။

"မမက အရမ်းလှတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင်ညီမလေးက ရင့်ကို မော့ကြည့်ကာ ဆို၏။

ရင့် ကျေနပ်စွာ ပြုံးမိသည်။

"သမီး ဆောင်းနှင်းရဲ့ ညွှန်းသည်က အဘွားတို့ညွှန်းသည် ပါပဲ"

မှ မင်းသွင်အဘွားကလည်း ကြုံဆိုသည်။

နှစ်မှတ်... နှစ်မှတ်တော့ ရပြီ။

မင်းသွင်မေမေက ရင့်ကို တစ်ချိန်လုံး အကဲခတ်နေပြီး တိုးတိုးကလေး ဆိုလာတာက...

"သမီးရင့်က သားရဲ့နှင်းဆီပါလား" တဲ့။

ရင့် အားတက်မိသည်။

အဘွားရယ်၊ အမေရယ်၊ ညီမလေးရယ် ကိုယ့်ဘက်ပါ လျှင် မဆိုး။

မင်းသွင်ခန့်ညား၏ ဖေဖေက ရင့်ကို စိုက်ကြည့်ကာ...

"ဒီကလေးမလေးကို မြင်ဖူးသလိုပဲ" ဟု ဆိုတာမို့ မျက်လုံး ကလေး စိုင်းသွားရပါသည်။





ဟုတ်ပါရဲ့။

တွေ့ဖူးကြတာပဲ။

သူက မမှတ်မိပေမယ့် ရင့်က မှတ်မိနေသည်။

ဘတ်(စ်)ကားပေါ်မှာ...။

ပြီးတော့ ရုပ်ပါးကတ်တစ်ခုမှာ...။

တော်ပါသေးရဲ့။

သူ့အဖေ မမှတ်မိတာဘဲ ကျေးဇူးတင်ရမည်။

အလိုလိုနေရင်း အမှတ်တွေ တိုးမလာဘဲ ပြုတ်ကျကုန်မှာ၊ ဘတ်စ်ကားပေါ်မှာ ရင့်က နေရာလုလိုင်မိသည်။

အဲဒီ အဘိုးကြီးက အထင်တသေး စိတ်မျက်သလို ကြည့် ခဲ့တာ။

စတိုးဆိုင်ထဲမှာလည်း ပိုက်ဆံအိတ်ခိုးတယ် စွပ်စွဲခံရတုန်း မှာ သူ ရှိနေသေးတာ။

အမယ်လေး... သူ မှတ်မိသွားလျှင် ရင့်အတွက် အနုတ် မှတ်တွေ များတော့မည်။ မမှတ်မိတာ အကောင်းဆုံး။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပဲ ဒီကလေးမကို ရင်းရင်းနှီးနှီး သိနေပြီး မမှတ်မိဘူး"

ဦးထွန်းမင်းက သူငယ်ချင်းအောင်သက်ကို ဖွင့်ဟ၏။

"အသွား အသက်ရာကျော်ရှည်ပါစေ"

ဆောင်းနှင်းကိုကို တစ်မျိုးတွေ့ရသည်။

အသွားကို လက်အုပ်ချီကာ နှုတ်ဆက်၏။

မင်းသွင်အတွား မျက်နှာက ပြုံးသွားလိုက်တာ။

မင်းသွင်ညီမလေးက ဆောင်းနှင်းကိုကို မြင်မြင်ချင်း ကြည့်မရ။

သူ့အစ်ကိုအနား တိုးကပ်ပြီး...

"ကိုကို"

"ဟင်... ဘာလဲ ညီမလေး"

"ဟိုမမကမှ ချစ်ရာကောင်းတာ၊ အဲဒီ ဆောင်းနှင်းကိုက ကလက်တက်တက်နဲ့၊ မယူနဲ့...သိလား"

"အေးပါကွာ... မယူပါဘူး"





"ဟို နှင်းဆီမမကို ယူပါလားဟင်"

"ကောင်းတာပေါ့"

"ညီမလေး အောင်သွယ်ပေးမယ်"

စိတ်ရှုပ်နေရင်းမှ မင်းသွင်ခန့်ညား ပြုံးမိ၏။

ဘယ်လိုက ဘယ်လို ရောက်လာတာလဲ ရင့်ရယ်... ကြိုမတိုင်ပင်ဘဲ မြန်းစားကြီး သူ့အိမ်ထဲ တိုးဝင်လာတာ။

ဖေဖေ့အကြောင်း မသိဘဲ ဘာတွေ ကြိုးစားဦးမလို့လဲ။

ရင့်ကို အတိုင်းမသိ သနားမိသည်။

သူ့အချစ်က ရင့်ကို ဒုက္ခရောက်စေပြီလား။

ချစ်မိတာ မှားပြီလားကွာ။

သူ့ကြောင့် ရင့် မျက်နှာငယ်ရတာ။

ဆောင်းနှင်းကိုက ဝံ့ဝံ့ကြွားကြွား။

ရင့်မှာတော့ သူ့ချစ်သူဖြစ်ပြီး သိမ်ငယ်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာလုပ်ပေးရမလဲ။

ခိုးရာ မလိုက်ချင်သော မောင့်ရွှေနှယ်ရိုး အခုတော့ စိတ်ညစ်နေပြီ မဟုတ်လား။

ရင့် သူ့ကို မခွဲနိုင်တာလည်း သူ ယုံကြည်သွား၏။

တကယ်ဆို ဖေဖေ မေမေတို့ရှေ့မှာ နှင်းဆီရဲရင့်က ကိုယ့်ဇနီးလောင်းအဖြစ် ခေါင်းမော့ ပြုံးနိုင်သင့်တာ။

ရင့် ဘာလို့ မဖြစ်နိုင်တာကို ကြိုးစားချင်တာလဲ။

ဖေဖေက ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်။

သူကတော့ သူ့အဖေမို့ အပြည့်အဝ နားလည်ပါသည်။ မေမေလည်း ရင့်ကိုကြည့်ကာ ကရုဏာသက်မှာ အမှန်။ ရင့်နှင့် သူ့အကြောင်း မေမေ အသိဆုံးပါ။

သူ့ဖွဲ့လမ်းမှုကို မေမေက ခံစားပေးနိုင်သည်။

"ဟုတ်တယ်ကွ၊ ငါ ဒီသူငယ်မကို အရမ်း သိနေတယ် စဉ်းစားလို့ မရသေးတာ"

"အေးပါကွာ… အဲဒါ သိပ်အရေးမကြီးပါဘူး"





သူငယ်ချင်းအောင်သက်က ဆိုလိုက်ပေမယ့် သူ့ရင်ထဲ လေးပင်သွား၏။

သည်ကလေးမကို မြင်ရတာ ရင်လေးသည်။

မျက်လုံးအစုံမှာ စူးရှလင်းလက်မှု၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုနှင့် တောက်ပနေ၏။

အားလုံးထဲမှာ ထူးထူးခြားခြား သတိပြုမိပါသည်။ ချွေးမလောင်းလေးက သူငယ်ချင်းအဖြစ် ခေါ်လာတော့လည်း ဘာမှ မပြောသာ။

ရှင်းရှင်းဘွင်းဘွင်းဆိုရရင် သည်ကလေးမကို ဦးထွန်းမင်း လိုလား၊ မနှစ်သက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဦးထွန်းမင်းက အိပ်ရာနိုးနိုးချင်း ငေါက်ကနဲ ထထိုင်ပြီး မလှုပ်မယှက် ငြိမ်သက်ကာ တစ်ခုခုကို လေးလေးနက်နက် စဉ်းစားနေမိ၏။

အားလုံးကို မှတ်မိပါပြီ။

ဟိုကလေးမလေးကို ဘယ်မှာတွေ့ခဲ့တယ်၊ ဘာတွေဖြစ်ခဲ့တယ်ဆိုတာ အားလုံး မှတ်မိပါပြီ။

သည်ကလေးမနှင့် ဆောင်းနှင်းကို ဘာလို့ သူငယ်ချင်းဖြစ် နေရတာလဲ၊





လူကြီးကို လူကြီးမှန်း မသိသော ကလေးမ။

သူ နှင်းဆီရဲရင့်ဆိုသော ကလေးမလေးကို ကြည့်မရပြီ။

သားမင်္ဂလာပွဲကို သူက ဘာလို့ လိုက်လာရတာလဲ မသိ။

ရှိုးရှီးသားသားမှ ဟုတ်ရဲ့လား။

ဦးထွန်းမင်း အိပ်ရာထက်က ဆင်းသည်။ သားတို့မေမေ က မီးဖိုဆောင်မှာ မနက်စာ စီစဉ်နေ၏။

"သမီး ရင့်လား"

ခြေသံကြားတော့ လှည့်မကြည့်ဘဲ မေးသည်။

"ဘုရားရှိခိုးလို့ ပြီးပြီလား" တဲ့။

"မဟုတ်ပါဘူး...ငါပါကွ"

"ဟင်.. ရှင် အစောကြီး နိုးသလား"

သားတို့အမေက အပြုံးတစ်ခုနှင့်...

"ဒီနေ့ ရှင် နောက်ကျသွားပြီ၊ ဘုရားခန်းမှာ သမီး နှင်းဆီရဲရင့်က ဘုရားရှိခိုးနေပြီ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းမင်းက အပေါ်ထပ်တက်လာပြီး ဘုရားခန်းထဲ အသာလှမ်းကြည့်သည်။

ရှင့်က ဘုရားရှိခိုးနေတာမို့ သူ့ကို မမြင်။

သည်လိုဆိုတော့လည်း ကလေးမက ဘယ်ဆိုးလို့လဲ။ ဦးထွန်းမင်းက ထမင်းစားခန်းဆီ ပြန်ဆင်းလာခဲ့သည်။

"ရှင့်ခိုစာတွေ ကလေးမ ကျွေးလိုက်ပြီ၊ စပါးတွဲလည်း ချိတ်ပြီးပြီ၊ ရှင် ကော်ဖီသောက်ရုံပဲ၊ ရေမိုးချိုးတော့မလား"

ဟု သားမေမေက မေး၏။

"ဘယ်သူ စပါးတွဲ ချိတ်တာလဲ"

"ရှင့်ပေါ့... နှင်းဆီရဲရင့်လေ၊ ရှင့်အပင်တွေအားလုံး လည်း ရေလောင်းထားပေးပြီးပြီ"

ဦးထွန်းမင်း စိုက်ပျိုးထားသော ဂမုန်းပင်များကို ဦးထွန်းမင်းက ကိုယ်တိုင် ရေလောင်းနေကျပါ။

"ဟိုကလေးမရော"

"ဘယ်သူလဲ"



"မင်း ချွေးမလောင်း"

"ဟွန်း... အိပ်နေတုန်း၊ မနိုးသေးဘူး"

"ဟေ"

ပြောင်းပြန်တွေ ဖြစ်နေပါရောလား။ တကယ်ဆို ဒါတွေ လုပ်ပေးသင့်တာက ဆောင်းနှင်းကိုပါ။

ခက်တော့ ခက်နေပြီ။

ဟိုကလေးမကို အားနာစရာ။

ညှို့သည်ပီပီ အလိုက်သိလွန်းသည်။

"ဒေါ်ဒေါ်"

"ဟော... သမီး လာထိုင်၊ မုန့်စားတော့မလား"

"ဒေါ်ဒေါ်ရယ်... သမီးကို သမီးတစ်ယောက်လို သဘောထားပါ"

"ကောင်းပါပြီကွယ်"

"ဒီလိုမှပေါ့.. ရှင့်မေမေ အမြဲ ပြောဖူးတယ်၊ မင်္ဂလာ ကိစ္စမှာ ကူညီရင် ခင်ပွန်းချောချော ရတတ်တယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဪ… ဒီလိုလား၊ ခင်ပွန်းချောရဖို့ ကူညီနေတာပေါ့ ဟုတ်လား"

"တခြား ဘာရှိမလဲ အဒေါ်ရဲ့ ဒါပဲပေါ့၊ ဟင်း…ဟင်း ဒီခေတ်မှာ လူချောက ရှားတယ်လေ"

"ဟုတ်ပါပြီ…သမီးက ဘယ်လိုခင်ပွန်းမျိုး လိုချင်တာလဲ"

"ဥပမာပြောရရင် သမီးအဖေလိုမျိုး၊ ဒေါ်ဒေါ်ရဲ့ ဦးလေး လိုမျိုး၊ အဲဒါမျိုး သစ္စာလည်း ရှိရမယ်၊ တာဝန်လည်း ကျေရမယ်"

"ဟုတ်တာပေါ့"

"သမီးကို ဆုတောင်းပေးပါ"

"အေးပါကွယ်"

"သမီးက မိဘစုံညီနဲ့ လက်ထပ်ချင်တာ"

"ဟုတ်တာပေါ့၊ သမီးဆန္ဒ ပြည့်ပါစေကွယ်"

ဦးထွန်းမင်းက ရေချိုးခန်းထဲကနေ သွားတိုက်ရင်း နားစွင့် ကာ ပြုံးမိသည်။ သူ့နှုတ်ခမ်းတွေ အလိုလို ပြုံးနေမိတာပါ။

✵



အိုး… ရှင် ဘာလုပ်တာလဲ"

နောက်ကနေ လှမ်းဖက်ပြီး ပါးပြင်ကလေးကို ရှိုက်နမ်း လိုက်တော့ ရုတ်တရက် ရှင့် လန့်သွားမိ၏။

"ဖယ်ပါ…သူများတွေ မြင်ကုန်မယ်"

"မြင်ပါစေကွာ"

"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ တစ်ယောက်ယောက် မြင်သွားဦးမယ်၊ လွှတ်ပါတော့"

"လွှတ်မယ်…အာဘွားပေး"

www.burmeseclassic.com



"ဟာ... ရှင်နော်"

"မရဘူး... ဝေးပါ၊ ဒီအထိ စွန့်စားရောက်လာတဲ့ ရှင့်ကို အရမ်းကျေးဇူးတင်တယ်"

"ကျေးဇူးတင်ရင် ဖယ်ပါ"

"မလွှတ်ချင်သေးဘူး ရှင့်ရယ်"

ရှင့်လည်း သူ့ရင်ခွင်မှာ ငြိမ်နေမိသည်။

ကြာလေ... ကြာလေ မခွဲနိုင်တာ သေချာလေ။

မင်းသွင်ခန့်ညားဆိုသော သူ့ကို နှင်းဆီရဲရင့် ဘာ သည်လောက်ထိ ချစ်သွားမိသလဲ။

သူ့ကျောပြင်ကို ဖွဖွဖက်ကာ ရင်ထဲ စိုးရိမ်စိတ် ကဲလာမိ၏။

အကယ်၍များ ဝေးခဲ့ကြရင်...

မတော်တဆ...

ဖွ... မပြောကောင်း မဆိုကောင်း သူနှင့် ဆောင်းနှင်း လက်ထပ်ဖြစ်ခဲ့ရင်...



ရှင်ရယ်...

ရှင့်ကို မမေ့ပါနဲ့။

ဘယ်တော့မှ မမေ့ပစ်ပါနဲ့။

ရှင့်နောက် မလိုက်ဝံ့တဲ့ မိန်းမမို့ ရှင် လွယ်လွယ်မမေ့ပါနဲ့နော်။

ရှင့်ကို ရှင့် အသက်တမျှ မြတ်နိုးပါတယ်။

ရှင့်ကို သိပ်ချစ်တဲ့ မိန်းမတစ်ယောက် ရှိခဲ့တာ ရှင် အမြဲ ပြန်တွေးပေးပါ။

နားလည်ပေးပါ။

ရှင့် တဖြေးဖြေး ကြောက်လာမိတာက တစ်ချိန်ချိန်မှာ နောင်တရမလားဆိုတာ...

သူ့နောက် မလိုက်ခဲ့တာ။

ခိုးရာလိုက်ဖို့ ခါးသီးစွာ ငြင်းခဲ့တာကို တစ်နေ့နေ့မှာ စိတ်ထိခိုက်စွာ နင့်နင့်နဲနဲ နောင်တရမလားဆိုတာ...။

"ရှင့်"

www.burmeseclassic.com



"ဟင်"

သူက နှင်းဆီရဲရင့် ဆံပင်လေးတွေကို သပ်ပေး၏။

"မနက်ဖြန် ကျွန်တော်တို့ စေ့စပ်တော့မှာ"

"အင်းလေ"

"ကျွန်တော် ရင့်ကို နားမလည်ဘူး၊ ကျွန်တော်နဲ့ တကယ် ဝေးနိုင်လို့လား"

"ဟင့်အင်း...နမိတ်မရှိ မပြောပါနဲ့၊ ရင့် ယုံကြည်ချက်တွေ ပြိုပျက်မသွားပါရစေနဲ့"

ချစ်သူက တုန်ခိုက်စွာ ဟန့်တားတော့ မင်းသွင်ခန့်ညား ဆက်မပြောရက်။

"မနက်ဖြန် စေ့စပ်လက်စွပ်ကို ကျွန်တော် မဝတ်ဘူး ရင့် စောင့်ကြည့်"

"ဟင်... ဘာလုပ်မလို့လဲ"

မင်းသွင်ခန့်ညားက လှပသော အကြံစည်တစ်ခုရှိသယ့် ပြုံးကာနေ၏။



ရင့်ကတော့ ရင်ထိတ်သွား၏။

သူက ရင့်ကို မပြောပြပါ။

"စေ့စပ်လက်စွပ်ကို ဒီလက်မှာ ဝတ်ပေးရမယ်...အပြန်အလှန်၊ ဒီဖက်ပေါ်က သွေးကြောက နှလုံးအထိ တန်းသွားတယ်၊ ရင့် အဲဒီလောက် လေးနက်တဲ့ လက်စွပ်ကို ရင့် ဝတ်ပေးမှပဲ ဝတ်နိုင်တယ်"

မင်းသွင်ခန့်ညားကလည်း ခေါင်းမာသူပါ။

"လူရှေ့သူရှေ့ ကိုယ့်ကို စေ့စပ်လက်စွပ်ဝတ်ပြီး လျှောက်စေချင်သလား၊ မင်း အဲဒီလို မြင်ချင်သလား"

"တော်ပါတော့ မင်းသွင်ရယ်"

သူမ မျက်ရည်တွေ မျက်လုံးအိမ်ထဲ အိလာ၏။

"ရင့်ကို ကြည့်ပါ၊ ရင့် ဘာမှ မခံစားရဘူးလို့ ရှင် ထင်နေသလားဟင် ပြောစမ်းပါ"

မင်းသွင်ခန့်ညားက နာကျင်စွာ ရယ်သည်။

"ရှင် ခံစားနေရတာတွေ ရင့် သိပါတယ်၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ရင့်ကို ရှင် ဘာလို့ နားမလည်တာလဲ၊ ဒီလက်စွပ်တစ်ကွင်းက ရင့်ကို ရှင့်ရင်ထဲက ဆွဲထုတ်မသွားနိုင်ပါဘူး”

မင်းသွင်က ရင့်ကို စိတ်ပျက်လက်ပျက် ကြည့်နေမိ၏။

ဤမျှ ဇွဲကြီး ခေါင်းမာသော မိန်းမကို သူ ဘာလို့ ချစ်မိသလဲ။

ဘယ်လိုမှ သူမဆီကနေ ရုန်းထွက်မရ။

ရစ်တွယ်နေမိသည်။

ကျေနပ်စွာ ကျရှုံးနေမိသည်။

★



ဆောင်းနှင်းကို စကားကြောင့် နှင်းဆီရဲရင့် ရင်ထဲမှာ လျှောင်တစ်ခု နှလုံးသားကို ဗဟိုပြုကာ ပြင်းထန်စွာ လှုပ်ရှားသွား၏။

အကြာကြီးပဲ တိတ်ဆိတ်ငြိမ်သက်စွာ ဆောင်းနှင်းကိုကို ကြည့်နေမိ၏။

“ဘာလဲ မယုံလို့လား၊ တကယ်··· တကယ်ပါဆို၊ အရမ်း ရင်ခုန်နေတယ်၊ မယုံရင် စမ်းကြည့်”

ဆောင်းနှင်း စကားတွေက သူမကို သွေးပျက်တွန့်လှုပ် ချောက်ချားစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသွင်ခန့်ညားကို သဘောကျသတဲ့လား။

သူ့ကို လက်ထပ်ဖြစ်လိမ့်မယ်တဲ့လား။

ရင့် ဘယ်လို ခွန်းတုန့်ပြန်ရမလဲ မသိ။

"ဟင်.. ဘာကြီးလဲ၊ ဂုဏ်ပြုစကားလည်း မပြောဘူး"

ဟုတ်ပါရဲ့။

သည်အကြောင်းသိရတာ ဂုဏ်ပြုသင့်တာ။

ဆောင်းနှင်းက သည်လို လက်ထပ်ဖို့ လာခဲ့တာ၊ အခု ထိုက်စွ အောင်မြင်တော့မည်။

ဒါ ပျော်စရာ၊ ကြည်နူးစရာ မင်္ဂလာရှိသော စကားဆိုမေ မယ့် ရင့် ဝမ်းမသာနိုင်။

ဆောင်းနှင်းက မင်းသွင်ခန့်ညားကို သဘောကျတာ ရင့် အတွက်တော့ ဘယ်လိုမှ မကောင်း။

မင်္ဂလာ မရှိနိုင်။

သူငယ်ချင်းအချင်းချင်း ရင့် မတရားရာ ရောက်တော့ မည်။





သည်လိုမှန်းသိ ရန်ကုန်မှာကတည်းက ဆောင်းနှင်း အပေါ် ပွင့်လင်းထားမိလျှင် အကောင်းသား။

ခုတော့ လွန်ကုန်ပြီ။

သည်အချိန်မှာ ဖွင့်ပြောလိုက်လျှင်ရော..

ဆောင်းနှင်း စိတ်ဆိုးသွားနိုင်သည်။

ရင့်ကို ပြန်တော့ဟု နှင်လိုက်လျှင်..

သည်အခြေအနေရောက်မှ ရင့် မပြန်နိုင်ပါ။

ရင့်ို ဆက်ကြိုးစားချင်သည်။

ကိုယ့်ချစ်သူကို ပိုင်ဆိုင်ခွင့်ရဖို့၊ လက်ထပ်ဖြစ်ဖို့၊ ဦးထွန်း မင်း သဘောတူဖို့၊ ရင်ထဲမှာ ရှုပ်ထွေးမွန်းကြပ်သွား၏။

★



www.burmeseclassic.com

www.burmeseclassic.com



စေ့စပ်ပွဲနေ့မှာ မင်းသွင်ခန့်ညားက လက်ကို ပတ်တီးစည်းထားသဖြင့် လူကြီးတွေအားလုံး အံ့အားသင့်ကုန်၏။

"မင်းလက်က ဘာဖြစ်တာလဲ"

ဖေဖေက သိပ်မသင်္ကာ။

မင်းသွင်ကို စူးကနဲ ကြည့်လာ၏။

မသိမသာ အကြည့်ချင်း မဆုံအောင် သူ ရှောင်နေ၏။





လက် ဘာမှ မဖြစ်ဘဲ ပတ်တီးစည်းထားတာ ဖေဖေ မြင်စေချင်။

"မနေ့ညက ခိုက်မိသွားလို့"

"ဒါဆို စေ့စပ်လက်စွပ် ဘယ်လိုလုပ်မလဲ"

"ရပါတယ်…ဒီဘက်လက်မှာ ဝတ်မယ်လေ"

"မင်းက အရာရာနဲ့ အကြောင်းကြောင်းချည်းပဲ"

ဖေဖေ မကြည့်တာ သူ သိသည်။

သို့ပေမယ့် သူက သူ့ခံယူချက်နှင့် သူပါ။

စေ့စပ်လက်စွပ် မဝတ်ချင်၊ လုံးဝ မဝတ်နိုင်ပါ။

တခြား လက်တစ်ဖက်မှာ ဝတ်တာသည် အဓိပ္ပာယ်ခြင်း တူ။

စေ့စပ်ခြင်း မမည်။

ရင့်နှင့် ပတ်သက်လာလျှင် သူက အရူးအမူးပါပဲ။

သေးသေးဖွဲဖွဲကလေးကအစ သည်းခံ မလိုက်လျောနိုင်။

ရင့်ဘက်ကပဲ ဘာမဆိုတွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ အချစ်ကြောင့်ပါ။

သူ့မျက်လုံးထဲမှာ ရင့်ပဲ မြင်သည်။

သူ့ခေါင်းထဲမှာ ရင့်အကြောင်းပဲ စဉ်းစားသည်။

သူ့အာရုံမှာ တွယ်ငြိနေတာ ရင့်မှ ရင့်ပါ။

★



"ခိုတွေ အစာ လာမစားပါလား၊ ဘာလို့လဲ"

ဦးထွန်းမင်းက နှင်းဆီရဲရင့်ဆီ လျှောက်လာပြီး မေးလာ

ခဲ့

"လာမစားရဲတာပါ"

"ဘာလို့လဲ"

"ခေါင်းနှင်းကိုက မောင်းထုတ်တာလေ၊ သူက ရှိတယ်၊

ညည်းသံကြီးလည်း မုန်းတယ်ဆိုပြီး . ."

ဦးထွန်းမင်း မျက်မှောင်ကြုတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



“ဆောင်းနှင်းက တိရစ္ဆာန် မချစ်တတ်ဘူး၊ ခိုတွေလာရင် သန်းတွေလွင့်မယ်၊ ရောဂါရမယ် ဆိုပြီး..”

“အိမ်နဲ့ လူတွေနဲ့ အဝေးကြီးပါ”

“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် သူက အစာ လာမစားရဲအောင် မောင်းထုတ်လိုက်ပြီ”

“ဒီအစာတွေ အလကား ဖြစ်ကုန်မှာပေါ့”

“ဟုတ်”

ဦးထွန်းမင်းက နှင်းဆီရဲရင့်ကို အကဲခတ်၏။

သည်ကလေးမ တမင် ညာပြောနေတာလား။

လုပ်ကြံနေတာလား။

ဆောင်းနှင်းအပေါ် ဦးထွန်းမင်း စိတ်ပျက်သွားအောင် တမင် ဖန်တီးနေတာလား။

ဘာပဲဖြစ်ဖြစ် လက်တွေ့ကျကျ မြင်ရမှ ယုံမည်။

မနက်ဖြန် မနက်တော့ ဦးထွန်းမင်းကိုယ်တိုင် ခိုစာ ကျွေး ပက်မည်။





ရင့်ထက် ဦးအောင် စောစောထမည်။

ရင့်ဆိုသော ကလေးမကို အခုလောလောဆယ် သဘော ကျမိပေမယ့် ပိုတုန်းက အထင်သေးထားတာ ရှိနေသည်။

အလွယ်တကူ မယုံနိုင်။

ဘာပဲဖြစ်ဖြစ် သားနှင့် လက်ထပ်မည့် ကောင်မလေးကို စိတ်သဘောထား နူးညံ့သူလေး ဖြစ်စေချင်သည်။

နှင်းဆီရဲရင့်ဆိုသော ကောင်မလေးက ကိုယ့်ရွေးမယောင်း ထက် အစစအရာရာ သာနေသည်။

ဒါကို လျစ်လျူရှုလို့ မရ။

ပြောတာဆိုတာ၊ နေတာထိုင်တာ ကျေနပ်စရာ ကောင်း လွန်းလှသည်။

အလိုက်သိသည်။

ရိုသေမှုရှိသည်။

ဂါရဝတရား နားလည်သည်။

စိတ်ထားကလေးလည်း မဆိုး။



www.burmeseclassic.com

www.burmeseclassic.com



သူ ရောက်လာပြီးကတည်းက မနက်ဆို ဘုရားခန်းသေ
ဦးထွန်းမင်းထက်အရင် ရောက်နေသူ ရှိခဲ့ပြီ။

ပန်း၊ ဆီမီး ဝေဆာစွာ ဘုရားခန်းကို သန့်ရှင်းထားလိုက်
တာ။ သည်ကလေးမ အဲ့ဒီတစ်ခု အရမ်းတော်သည်။

စိတ်ထဲ ကြိတ်ပြီး ချီးကျူးမိရင်း ကိုယ့်ချွေးမလေး
ကလေး အဲ့ဒီလို ဖြစ်လိုက်ပါတော့ဟု အောက်မေ့မိပါ၏။

တကယ်ပါ။

ရင့်လို ဖြစ်စေချင်သည်။

ဆောင်းနှင်းကို၊ကို ရင့်ကို ဖြစ်စေချင်တာတွေ သိပ်များ
လွန်း၏။

ညဘက်ဆို ကိုယ်ပုတီးစိပ်နေလျှင် မလှမ်းမကမ်း
ဆေးခွေ လာထွန်းပေးသည်။ ရေနွေးဓာတ်ဗူး လာချပေးသည်
တော်လိုက်တာ။

သို့ပေမယ့် ကိုယ့်မှာ သူ့ကို ချွေးမတော်စရာ နောက်ထပ်
သားလည်း မရှိ။





ဆောင်းနှင်း ဖေဖေနှင့်လည်း နှုတ်ကတိ ကျွံထားပြီးသား
မို့ သူ့ဘက်က မင်္ဂလာပွဲကို မြန်မြန် ဖြစ်စေချင်ပါသည်။

နီးနီးကပ်ကပ် ကိုယ့်အရိပ်အောက်မှာ လာနေတော့
ဆောင်းနှင်းကို၏ နေပုံထိုင်ပုံကို ကိုယ်က မနှစ်သက်ချင်သလို
တောင် ဖြစ်ရသည်။

လူကြီးကို ရိုသေရကောင်းမှန်း မသိ။

မိဘကို ပြုစုရကောင်းမှန်း မသိ။

ဘယ်လိုမှန်းကို မသိ။

လျှော်ကားဆင်းရင် ဒုန်းဒုန်းဒိုင်းဒိုင်း။

မနက်ဆို နေမြင့်မှ နောက်အကျဆုံးထပြီး နိုးလာတာနှင့်
ဘာစားမည်၊ ဘာပြင်ဆင်ပေးပါဆိုပြီး အသံကျယ်ကျယ် ကြားရ
တာ။

မနက်စောစော စားပြီးလျှင် လမ်းထွက်လေရော။

သားမေမေ့အနားမှာနေပြီး ဘာမှ ကူညီဖော်မရ။

အလုပ်ခိုင်းချင်တာ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်သမားလည်း ရှိပါသည်။

သို့သော်…

သားအမေနှင့် နွေးထွေးရင်းနှီးစေချင်တာ။

ကြည့်လိုက်တိုင်း သားမေမေ့အနားမှာ ရှိနေတာ နှင်းဆီရဲရင့်။

ပိုင်းကူလုပ်ပေးရင်း စကားတွေ ဖောင်ဖွဲ့ကာ သားအမိ အစေးကပ်သွားတာ ရက်ပိုင်းကလေးနှင့်၊ စေတနာဆိုတာ အသွား အပြန်ရှိသည်၊ မေတ္တာဆိုတာလည်း အသွားအပြန် ရှိသည်။

ဟူး…

ဆောင်းနှင်းကို,ကို သားမေမေနှင့် အခုလို မြင်ကွင်းမျိုး ကြည်နူးစွာ မြင်ချင်သည်။

သမီးကလေးကိုလည်း ရင့်က ကျစ်ဆံမြီးကျစ်ပေး သည်။

အင်္ဂလိပ်စာ မသိလျှင် ပြပေးသည်။

ခြံထဲမှာ သမီးလေးနှင့် ဆော့ကစားသည်။





ကဲ…

နေရာ မှားမှန့်ဘူးလား။

ဦးထွန်းမင်းက မိသားစုနှင့် ရင်းနှီးအောင် ဆောင်းနှင်းတို့ သားအဖကို ဖိတ်ခေါ်ခဲ့တာ။

ခုတော့ ခုတ်ရာတလွဲ။

ရှရာတခြား ဖြစ်ပြီ။

သားမေမေ၊ သားညီမကလေးနှင့် ဆက်ဆံရေး လိုက်လှဲ ချော့မွေ့နေတာက နှင်းဆီရဲရင့်။

ဦးထွန်းမင်း ဘာလုပ်ရမှန်း မသိ။

★



www.burmeseclassic.com

www.burmeseclassic.com



"ရှူး...ရှူး"

"သွား...ရှူး...ရှူး...ဟိတ်"

ဦးထွန်းမင်း ကြပက်ထားသော ခိုစာတွေပေါ် ဖိနပ်နှင့် နင်းပစ်ကာ ခိုတွေကို တရှူးရှူး လိုက်မောင်းပစ်တာ မြင်ရတော့ ဦးထွန်းမင်း အလွန်တရာ စိတ်ပျက်သွား၏။

နှစ်ရက်ရှိပါပြီ။ ရင့်ပြောတာ မယုံလို့ စောင့်ကြည့်ခဲ့တာ။

သည်မနက်တော့ စောစောနိုးလာပြီး ခြံထဲဆင်းလာကာ ခိုတွေကို မောင်းထုတ်ပစ်တာ တွေ့ရ၏။





ခိုတွေက အစားမစားရဲဘဲ ထွက်ပြေးကုန်သည်။

ဆောင်းနှင်းက ဖိနပ်ကလေးချွတ်ပြီး ပစ်ပေါက်သည်။

သစ်သားချောင်းနှင့် ပစ်သည်။

ဦးထွန်းမင်းက ဘာမှမပြောမိအောင် နှုတ်ပိတ်နေလိုက်ပေမယ့်...ဒေါသကြောင့် မေးကြော ထောင်လာရပါသည်။

မဆီမဆိုင် သည်ကလေးမ လွန်လွန်းသည်။

ဒါမျိုး မလုပ်သင့်ပါ။

အရမ်းစိတ်ပျက်မိသည်။

ဆောင်းနှင်းက အိမ်ထဲ ပြန်ဝင်လာပြီး...

"အန်တီရေ...သမီးကို ကြက်ဥကာကျက်တစ်လုံးနဲ့ ကော်ဖီတစ်ခွက် လုပ်ပေးပါ၊ သမီး အိပ်ရေးမဝသေးဘူး၊ ပြန်အိပ်ဦးမှာ"

"တောက်"

ပြတင်းပေါက်ကနေ ခွာရင်း ကြားရသောအသံကြောင့် ဒေါသဖြစ်မိ၏။

www.burmeseclassic.com



သူ ချွေးမ အရွေးမှားခဲ့ပြီလား။

ဆောင်းနှင်း၏ အပြုအမူနှင့် စိတ်သဘောထားကို သူ လုံးဝ မနှစ်သက်ပါ။

ကော်ဖီတစ်ခွက်ပင် ကိုယ်တိုင် မဖျော်ဘဲ မတော်ရသေးသော ယောက္ခမကို အော်ခိုင်းနေသည်။

ရှက်စရာကြီးပါလား။

"ရပါတယ်…ရင့် နိုးနေပြီပဲ၊ ရင့် ဖျော်ပေးလိုက်ပါ့မယ်၊ ဟင်းချက်တာ ဆက်ချက်ပါ၊ ရပါတယ်"

နှင်းဆီရဲရင့်၏အသံကလေးက အင်မတန် ရင်းနှီးနွေးထွေးသည်။

သည်လိုဖြစ်စေချင်တာ၊ စည်းလုံးစေချင်တာ။

အခုတော့…။





ဘာရယ်မဟုတ်…သားအခန်းထဲကို ရောက်သွားတာပါ။

သားက အခန်းထဲမှာ မရှိ။

သားကွန်ပျူတာမှာ တွေ့ရတာက နှင်းဆီရဲရင့်၏ ပြုံးနေသော ဓာတ်ပုံ။

သားက နှင်းဆီရဲရင့်ကို ပခုံးဖက်ထားပါရောလား။

ဦးထွန်းမင်း ကွန်ပျူတာရှေ့ တိုးကပ်သွားမိ၏။

အံ့သြလွန်းကာ ရင်ထဲ လှိုက်ကနဲ ဝမ်းသာသလိုလောင် ဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ လှုပ်ရှားသွားရသည်။

သားက သည်ကလေးမနှင့် ချစ်သူတွေလား။

လိုက်ဖက်လွန်းပါဘိ။

ကျေနပ်စရာကောင်းလွန်းပါဘိ။

ကမန်းကတမ်း သားအခန်းထဲက ပြန်ထွက်လာပြီး ဘာကို ဘယ်လိုဖြေရှင်းကိုင်တွယ်ရမှန်း မသိ။

လူကြီးပီပီ ကတိမပျက်ချင်။ အားလုံးက လွန်နေပြီ။

ကိုယ့်ကတိကြောင့် သားကို သူချစ်သော ကောင်မလေးနှင့် မဝေးစေချင်။

သူ့ကောင်မလေးက အဖိုးတန် မိန်းမကောင်းလေးပါ။

ဦးထွန်းမင်း သေချာအကဲခတ်ပြီးပြီ။

သည်ကိစ္စကို သူ မြန်မြန်ပြီးပြတ်အောင် ဖန်တီးမှ ဖြစ်မည်။

သားက နိုးပြေးမှပဲ ရမှာ။

သူ့ဘက်ကတော့ မင်္ဂလာပွဲ မဖျက်ပေးနိုင်။





သားတို့ မြန်မြန် ခိုးပြေးဖြစ်အောင် တွန်းအားပေးရပါမည်။

ဒါမှ အဖိုးတန် ချွေးမကလေးကို လက်မလွှတ်ရမှာ။

မဆုံးရှုံးရမှာ။

ဦးထွန်းမင်းက သားအမေဆီ လျှောက်လာခဲ့၏။

မျက်နှာကို ခက်ထန်မာကျောအောင် ပြင်ဆင်ထားရသေးသည်။

ရှေလသံပျော့နှင့် မရ။

★



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ... မင်းရဲ့သားက ဘာသဘောလဲ"

"ရှင်"

မင်းသွင်ခန့်သား မေမေက အံ့အားသင့်ပြီး နားမလည်။

"ငါက ဆောင်းနှင်းနဲ့ပဲ လက်ထပ်ပေးမှာ၊ တခြား ဘယ်သူနဲ့မှ မပေးစားနိုင်ဘူး"

"ဟုတ်ပါတယ်...သိပါတယ်"

"ဟိုကောင်မလေးက ဘာလဲ..ဘာလို့ ရောက်နေတာလဲ





သားရဲ့ ရည်းစားလား၊ ရှုပ်ရှုပ်ယှက်ယှက် ငါ မကြိုက်ဘူး၊ အဲဒီ ကောင်မလေးကို ပြန်လွှတ်လိုက်မယ်"

"မလုပ်ပါနဲ့ရှင်၊ နေပါစေ...အားနာစရာ"

"အားနာရင် မင်းရဲ့သား ပါသွားလိမ့်မယ်"

သား၏မေမေက ခွန်းတုန့်မပြန်။

သို့သော် သူ့မျက်လုံးထဲမှာ...

'မြန်မြန်ပါစေချင်တာ၊ မပါလို့ ခက်နေတာပေါ့' ဆိုသော အရိပ်အယောင် မြင်ရသည်။

"မင်း ကြည့်ပြောထား၊ ဆင်ခြင်နိုင်း၊ ငါ မျက်နှာ ပျက်ချင်ဘူး၊ သူတို့ကိစ္စ ငါ သိတယ်ဆိုတာ ပြောပြ သတိပေး လိုက်၊ ငါ ဆောင်းနှင်းနဲ့ အမြန်ဆုံး လက်ထပ်ပေးတော့မယ် ဒါပဲ"

ဦးထွန်းမင်းက မင်သေသေနှင့်ဆိုကာ ထွက်လာခဲ့၏။

ဘယ်လိုပဲဖြစ်ဖြစ် သည်အကြောင်း သားနှင့် ရင်ဆီ ရောက်သွားမှာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူတို့ တစ်ခုခု ဆုံးဖြတ်မှာ ကျိန်းသေပါ။

သူတို့ချင်းက ချစ်သူတွေပဲ မဟုတ်လား။

ကိုယ့်ဘက်က နောက်မဆုတ်တာ သေချာလျှင် သူတို့ မလွှဲမသွေ ခိုးပြေးကြမှာပါ။

သူ တစ်ချက် ပြုံးမိ၏။

သားကို နှင်းဆီရဲရင့်နှင့် ဘာလို့များ ချက်ချင်းလက်ထ
ကြီး သဘောတူသွားရတာလဲ။

သူ့စိတ်က ဆန်းလွန်းလှပါလား။

သည်ကလေးမကို ဘယ်အချိန်ကတည်းက ချွေးမတော် ချင်နေခဲ့သလဲ မသိ။



မေမေက မင်းသွင်ခန့်သားနှင့် နှင်းဆီရဲရင့်ကို အခန်းထဲ ခေါ်လာပြီး တံခါးပိတ်လိုက်၏။

"မေမေ"

"ဒေါ်ဒေါ်"

"သားနဲ့သမီး"

"ရှင်"

"ဗျာ"

"သားတို့ကိစ္စ သားအဖေ သိသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ဟုတ်လား"

နှင်းဆီရဲရင့်က မျက်နှာကလေးငယ်ပြီး မျက်လုံးကလေး ပြူးကာ အသံတိတ်သွား၏။

"သား အဖေအကြောင်း သား သိပါတယ်"

"သားက သိတယ်၊ မသိတာက ရင့်၊ ရင့်ကို ပြောပေးပါ မေမေ၊ သားတို့ မခွဲနိုင်ဘူး"

"သမီး… သား ခေါ်ရာလိုက်သွားတော့လေ၊ ဒါမှ သမီးရဲ့ ပျော်ရွှင်ချမ်းမြေ့မှု မဆုံးရှုံးရမှာ၊ မြန်မြန် ခိုးပြေးကြတော့"

"သမီး ခိုးရာ မလိုက်ချင်ဘူး ဒေါ်ဒေါ်ရယ်"

"ဟင်"

မင်းသွင်မေမေက ရင့်ကို စိတ်ပျက် အံ့သြသွား၏။

သည်ကလေးမ ခေါင်းမာလွန်းပါလား။

"ဘဝအချိုးအကွေ့တွေမှာ အမှားအမှန်နှစ်ခု ရှိတယ် ဒေါ်ဒေါ်၊ လမ်းမှားက သွားဖို့ လွယ်တော့ သွားချင်မယ်၊ သွားမယ်၊ လမ်းမှန်ကတော့ အခက်အခဲ အတားအဆီးတွေများ





သွားဖို့ ခက်မယ်၊ လမ်းမှားဆိုတာ အစပိုင်းမှာ အောင်မြင်ပျော်ရွှင် တယ်လို့ ထင်ရပေမယ့် နောက်ဆုံးကျရင် ဆုံးရှုံးမှုတွေ လက်လွှတ်ရမှုတွေ မြင်ရမှာပဲ… ရင်ဆိုင်ရမှာပဲ…

… လမ်းမှန်က အစပိုင်းမှာ ခက်ခဲပေမယ့် နောက်ကျရင် တဖြေးဖြေး အောင်မြင်ပျော်ရွှင်မှု ရလာတယ်၊ သမီး ဖေဖေနဲ့ မေမေက သမီးချစ်သူရဲ့ မိဘတွေ လိုလားကြည်ဖြူလာအောင် ကြိုးစားပါတဲ့၊ ခိုးရာမလိုက်ရဘူးတဲ့၊ ခိုးပြေးရမှာ ဝန်လေးလွန်းတယ် ဒေါ်ဒေါ်၊ ရာဇဝင်မှာ စွန်းထင်းမယ့် ကိစ္စကြီး၊ သမီး ခိုးရာ မလိုက်ပါရစေနဲ့"

"သားအဖေအကြောင်း သမီး မသိဘူး"

"သမီးအကြောင်းကိုလည်း ဦးလေးထွန်းမင်း မသိသေးဘူး၊ ခိုးပြေးချင်ရင် ဒီအထိ လိုက်လာစရာတောင် မလိုဘူး၊ သူက သမီးကို ခိုးရာလိုက်ဖို့ ခေါ်ကတည်းက လိုက်သွားမှာပေါ့၊ သမီး လူမသိ သူမသိ မလုပ်ချင်ဘူး၊ ပွင့်ပွင့်လင်းလင်းပဲ လုပ်ချင်တယ်၊ ဦးလေးထွန်းမင်း ကိုယ်တိုင် လိုလိုလားလား သမီးကို



www.burmeseclassic.com

www.burmeseclassic.com



သမီးချစ်သူနဲ့ သဘောတူကြည်ဖြူ ပေးစားတာကို လိုချင်ပါတယ် ဒေါ်ဒေါ်ရယ်၊ အဲ့ဒီအတွက် စိတ်ရှည်သည်းခံရမှာပေါ့"

တံခါးရှေ့မှာ ရပ်နေသော ဦးထွန်းမင်း သက်ပြင်းရှည်ကြီး ချမိ၏။ သည်ကိစ္စက ထင်သလို မဖြစ်။

ရင့်က ခိုးရာ မလိုက်ဘူးဟု တွင်တွင် ငြင်းနေပါရော လား။ သူ ဘာလုပ်ရမလဲ။

ဦးထွန်းမင်း ခေါင်းကြီးသွား၏။

ဘာလို့များ သည်ကလေးမ ခုလောက်အထိ လိမ္မာရေးခြား ရှိနေရတာလဲ။





အားလုံးက မင်းသွင်ခန့်သားနှင့် နှင်းဆီရဲရင့်အကြောင်းကို သိသွားပြီမို့ ဦးထွန်းမင်းက မနေသာဘဲ ဟင်းမာပြရတော့ သည်။

"သမီး ရှင်းပြပါရစေ"

ရင့်က ငိုသံကလေး စွက်ကာ တောင်းပန်၏။

"အားလုံး သားအပြစ်ပါ ဖေဖေ"

"မင်းကို ငါက မမှတ်မိဘူးဆိုပြီး မင်းက ငါ့မိသားစု ငါ့အိမ်မဲ့အထိ ဝင်လာပြီး အရှက်ခွဲတယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး"

"အားလုံးရှေ့မှာ ငါသိက္ခာကို ချတယ်ပေါ့၊ ငါတို့ ယုံကြည်မှုကို အခွင့်ကောင်းယူတယ် ... ငါတို့ ဖော်ရွေမှုကို အမြတ်ထုတ်တယ်၊ ငါ့သားနဲ့ မင်း လာပတ်သက်ရဲတယ်၊ မင်းနဲ့ ငါ့သားနဲ့ တန်ရဲ့လား၊ ငါ့သားမှာ စေ့စပ်ထားတာ မင်း သိရဲ့ သားနဲ့"

"တော်ပါတော့ ဖေဖေ...မပြောပါနဲ့၊ ရင့်ကို ဒီလို မပြော ပါနဲ့၊ သား တောင်းပန်ပါတယ် ဖေဖေ"

"အခုချက်ချင်း ဒီကောင်မလေးကို ပြန်ပို့လိုက်"

"မလုပ်ပါနဲ့ ဖေဖေ၊ သား ရင့်ကို လိုက်ပို့ပါရစေ"

"မင်း ဒီကိစ္စတွေ ဝင်မပါနဲ့"

"သားနဲ့ ရင့်က ချစ်သူတွေပါ၊ ချောင်းသာက ပြန်လာ ပြီးကတည်းက ချစ်သူတွေ ဖြစ်ခဲ့တာပါ"

မင်းသွင်ခန့်ညားက အတိအလင်း ကြေညာသည်။

ဆောင်းနှင်းဖေဖေက မျက်နှာပျက်သွား၏။





ဆောင်းနှင်းက...

"လုပ်ရက်လိုက်တာ"

ဟု ဆိုပြီး ရှိုက်ငိုသည်။

ဆောင်းနှင်းအဖြစ်က ရှက်စရာ။

"ငါ့နောက် လိုက်ခဲ့ပါလို့ မင်းကို ငါ မပြောဘူးလား၊ ဒါတွေ ဒီလိုဖြစ်မှာသိလို့ ထွက်ပြေးရအောင်လို့ ခေါ်ခဲ့တာ၊ မင်းမှ မလိုက်ရဲဘဲ၊ မင်းက အသည်းကွဲခံနိုင်တယ်၊ ခိုးရာ မလိုက်နိုင်ဘူး၊ သတို့သမီး မဖြစ်ရင်ဘော ဘာအရေးလဲ၊ မင်္ဂလာမဆောင်ရတော့ ဘာအရေးလဲ၊ အရေးကြီးတာ အတူတူ နေရဖို့၊ ဒါတွေ ကြိုမြင်လို့ အကြိမ်ကြိမ် တောင်းပန်ခဲ့တယ်၊ ခိုးရာလိုက်ဖို့ မင်း တွန့်ဆုတ် တယ်၊ ငါနဲ့တော့ မင်း ခွဲနိုင်တယ်ပေါ့"

မင်းသွင်ခန့်ညားက အားလုံးရှေ့မှာ...

မချိတင်ကဲ မေး၏။

"မပြောပါနဲ့...ဒီလို မပြောပါနဲ့၊ သူစိမ်းတွေက ဝေးဝေး ရှောင်ပြေးလို့ ရမယ်၊ လူကြီးမိဘတွေက ကောင်းတင်လို့ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဆောင်းကင်အောက်က ပြေးလို့ မရဘူး၊ တစ်သက်လုံး ကျွေးမွေး စောင့်ရှောက်လာတာ၊ အချစ်တွေ ပုံအောပေးလာတာ၊ သူတို့မှာ ရင့်တို့ဘဝကို ဆုံးဖြတ်ပိုင်ခွင့် ရှိသင့်ပါတယ်၊ ရင့်တို့ ပျော်ရွှင်ဖို့ သူတို့ ဝမ်းနည်းသင့်သလား . . သူတို့ရင်ကို စုံကနက်တွက်လို့ ဖြစ်မလား"

နှင်းဆီရဲ့ရင့်က မျက်ရည်တွေ ဗိုးပိုးပေါက်ပေါက် ကျသည်။

"ရင့်ကို ကျွန်မ ချစ်ပါတယ် မင်းသွင်ရယ်၊ ဒါပေမယ့် အဲ့ဒီအချစ်တစ်ခုတည်းနဲ့ အရာရာ မပြီးပြည့်စုံပါဘူး၊ ရင့်က သမီး အလိမ္မာပါ၊ ဖေဖေနဲ့ မေမေက ရင့်ကို တင့်တင့်တယ်တယ် လက်ထပ်စေချင်တယ်၊ ရဲရဲရင့်ရင့် လက်ထပ်စေချင်တယ်၊ ဒါကို ရင့် ဖြည့်ဆည်းပေးချင်တယ်၊ ဦးလေးပြောတာ မှန်ပါတယ်၊ ရင့်နဲ့ ရှင်နဲ့ မတန်ပါဘူး၊ ဖခင်တစ်ယောက်က မတန်ဘူးလို့ ဆုံးဖြတ်တာ မှန်ပါလိမ့်မယ်၊ ရှင် ဆောင်းနှင်းကိုပဲ လက်ထပ်ပါ တော့၊ ရင့် ပြန်ပါ့မယ်၊ မင်းသွင်ကို ဦးလေးတို့နဲ့ ထားခဲ့မှာပါ၊





စိတ်ချပါ . . ရင့်တို့ ခိုးမပြေးပါဘူး၊ မင်္ဂလာပွဲကို စိတ်အေးလက်အေး စီစဉ်ပါ"

နှင်းဆီရဲ့ရင့်က အားလုံးကို ကျောခိုင်းလိုက်၏။

"ရင့် . . . ငါက နင့်သူငယ်ချင်းပါ၊ နင့်ရည်းစားကို ငါက လုပြီး လက်ထပ်ရမှာလား၊ နင့်ကို အရမ်းမုန်းတယ်၊ နင့်ချစ်သူကို ငါ မယူဘူး"

ဆောင်းနှင်းက အော်ပစ်သည်။

"နင် ဒီလို ထွက်ပြေးလို့ ရမလား၊ ငါက နင့်မျက်ရည်နဲ့ လက်ထပ်ရမှာလား၊ မဖြစ်နိုင်ပါဘူး . . လုံးဝ မယူနိုင်ဘူး၊ နင်တို့ပဲ လက်ထပ်သင့်ပါတယ်"

ဆောင်းနှင်းက တစ်ထိုင်တည်း နောက်ဆုတ်ပေး၏။

မင်းသွင်ကို လက်ထပ်ဖို့ ငြင်းသည်။

ဟူး . . .

တော်ပါသေးရဲ့။

ဦးထွန်းမင်း စိတ်သက်သာရာရပြီး သက်ပြင်းချမိ၏။



www.burmeseclassic.com

www.burmeseclassic.com



သည်လိုမှ ဖြစ်ပါမလားလို့။

"ဖေဖေ ... ဆောင်းနှင်းက သားကို လက်မထပ်နိုင်ဘူး တဲ့၊ သားကို ရင့်နဲ့ သဘောတူပေးပါ"

ဆောင်းနှင်းဖေဖေက ဦးထွန်းမင်းကို ကြည့်သည်။

"လူငယ်တွေဆန္ဒ လိုက်လျောလိုက်ပါကွာ"

တဲ့။

ဦးထွန်းမင်းက အင်တင်တင်နှင့် ခေါင်းညိတ်၏။

"တားမရရင်တော့ ပေးစားရမှာပေါ့"

မင်းသွင်နှင့် ရင့် အရမ်းဝမ်းသာသွား၏။

မင်းသွင်က ရင့်ဆီ ပြေးသွားပြီး လက်ကလေး ဖမ်းဆွဲလိုက်၏။

"ကျွန်မ ပြောသားပဲ မင်းသွင်ရယ်၊ မိဘဟာ သားသမီး ပျော်တာ မြင်ချင်မှာပေါ့"

ဦးထွန်းမင်းက အားလုံးကို ထားပြီး ထွက်လာခဲ့၏။

သူ့နှုတ်ခမ်းတွေက ကျေနပ်စွာ ပြုံးလို့။





ကိုယ့်အိုက်တင်က မင်းသားလုပ်လို့ ရလောက်ပြီ။

ချွေးမအလိမ္မာလေး ရဖို့ မလွယ်ပါလား။

★



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် သတို့သမီးဝတ်စုံနှင့် ရင့်နှုတ်ခမ်းတွေက ကော့ညွှတ်စွာ ပြုံးနေ၏။

ကြည်လင်ဝင်းပသော လမင်းလို သူ့မျက်နှာက ဖြိုးဖြည့်စုံလွန်းပါသည်။

အနောက်တိုင်းဝတ်စုံကို ခန့်ညားစွာ ဝတ်ထားသည့် သတို့သား၏လက်မောင်းကို ပိုင်ပိုင်တွဲကာ နောက်ကို မသိမသာ ငုံ့ကြည့်မိ၏။

နောက်မှာက သတို့သား၏ အဖေနှင့် အမေ···





အဲဒီနောက် သတို့သမီး၏ အဖေနှင့် အမေ···

သည်လို ဘဝကလေးပါပဲ။

သည်လိုအနေအထားလေးပါပဲ။

ရင့် တောင့်တတာ သည်လိုမင်္ဂလာပွဲလေး···။

အားလုံးကို ကျေးဇူးတင်ပါသည်။

နှစ်ဖက်သော မိဘများနှင့်···

မင်းသွင်ခန့်ညား+နှင်းဆီရဲရင့်··

★

ပန်းဆီမိုင်



www.burmeseclassic.com